မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလကွယ်နေ့၊ ၂၀၁၀ခုနှစ်၊ မတ် ၁၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှု စာစစ်ဌာနများသို့ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်တို့ လိုက်ပါ၍ ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(၂၀၁၀)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနသို့ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် တွေ့ဆုံပြီး မေးခွန်းလွှာနှင့် အဖြေလွှာများ လုံခြုံမှုရှိရေးအတွက် စနစ်တကျဆောင်ရွက်ရန်၊ စာဖြေသူများ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ရန်တို့ကို မှာကြားကာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ✻

နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းကြီးနှစ်ကွင်း နေပြည်တော်တွင် တည်ဆောက်နေပြီ

သတင်းခရီးသည် - မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း - သတင်းထောက်ထွန်းဇော်(စမ်းချောင်း)၊ စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၃

အားကစားလောက တိုးတက်အောင်မြင်ရေးသည် အားကစားသမားများ အသုံးပြုသော အားကစားပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် အားကစားကွင်းများ၊ အားကစားအဆောက်အအုံများ တိုးချဲ့တည်ဆောက်ပေးခြင်းသည် အခြေခံကျပေသည်။

နိုင်ငံတကာအဆင့်မီ

ယခုအခါ နိုင်ငံတော်က မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းကြီးနှစ်ကွင်းကို နေပြည်တော်၌ တည်ဆောက်နေပြီဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

နေပြည်တော်၌ တည်ဆောက်လျက်ရှိသည့် ဇေယျာသီရိ ဘောလုံးအားကစားကွင်း ပုံစံငယ်....။

ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော် (စမ်းချောင်း)

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ဘော်နီယို မတ် ၁၃

အပင်စားသော သတ္တဝါများသာရှိသည်။ အသားစားသော အပင်ရှိသော်လည်း သိသူနည်း၏။ ရုက္ခဗေဒ လေ့လာသူများသာ အသားစားသော အပင်များရှိကြောင်း သိကြ၏။

ယခု ဘော်နီယိုကျွန်း၌ ရုက္ခဗေဒပညာရှင်များ လေ့လာ တွေ့ရှိခဲ့သော အသားစားအပင်တစ်မျိုးမှာ ကမ္ဘာပေါ်တွင်အကြီးမားဆုံးအသားစား အပင်ဖြစ်သည်။အဆိုပါ အသားစား အပင်ကို သိပ္ပံအခေါ်အဝေါ် Nepenthes rajah ဟု အများအားဖြင့် လူသိများကြသည်။

ရေတကောင်းပုံသဏ္ဍာန်

ယင်းအပင်သည် ကြွက်များကို ဖမ်းယူ စားသောက်နိုင်စွမ်းရှိသည်။ အပင်ရှိ ရေတကောင်းပုံသဏ္ဍာန် ထောင်ချောက်ခွက်အတွင်း သတ္တဝါများကို ဖမ်းယူနိုင်သော စေးကပ်သောအရာရှိသည်။ ယင်းရေတကောင်းခွက်အတွင်း သေးငယ်သော သတ္တဝါမှ ကြွက်များအထိ ကျရောက်ပါက ပြန်မထွက်နိုင်ဘဲ အစာချက်ယူ စားသောက်ပစ်သည်ဟု ဆိုသည်။ ။ (အင်တာနက်)

ဇေယျာသီရိ ဘောလုံးအားကစားကွင်း ပုံစံငယ် အတွင်းပိုင်းမြင်ကွင်းကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော်(စမ်းချောင်း)

14-3 (01).pmd 1 3/14/2010, 2:15 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၄ ရက်)

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ပြည်သူများအသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်ကို ၁၉၉၈ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။ ယခုနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ် (၂၀၁၀)ကို မတ်လ ၁၂ရက်မှ ၁၈ရက်နေ့အထိ ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည်။

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းသော ရေရရှိရေးသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံသည် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပတ်သက်၍ ကမ္ဘာ့ရည်မှန်းချက်ပြည့်မီရန် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၁၉၉၆ခုနှစ်မှစ၍ ၂၀၀၀ပြည့်နှစ်အထိ ရေသန့်၊ အိမ်သာသန့်၊ တစ်ကိုယ်ရေသန့်, သန့်(၃)သန့်စီမံချက်ကို အမျိုးသား အဆင့်အနေဖြင့် ကျောင်းများနှင့် ပူးတွဲဆောင်ရွက်ခဲ့သည်။ ၂၀၀၁ခုနှစ်တွင် အစားအသောက် သန့်ရှင်းရေးပါဝင်လာ၍ သန့်(၄)သန့် စီမံချက် ဖြစ်ပေါ်လာခဲ့သည်။

၂၀၀၈ခုနှစ်မှစ၍ ရေသန့်၊ ပတ်ဝန်းကျင်သန့်၊ မိသားစုသန့်၊ အစာသန့်ဟူ၍ ပြည်သူလူထု အခြေခံသော သန့်ရှင်းရေးကို တိုင်းရင်းသား ပြည်သူများအကြား ပျံ့နှံ့ရန်ဆောင်ရွက်ခဲ့သည်။ ရေကောင်းရေသန့်သောက်သုံးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တည်ဆောက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်အသုံးပြုခြင်း၊ လက်ဆေးခြင်းအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်း၊ သန့်ရှင်းသော အသုံးအဆောင်များ စနစ်တကျအသုံးပြုခြင်း၊ သန့်ရှင်းသောအစားအစာကို စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို လက်ခံကျင့်သုံးခြင်းဖြင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်းရောဂါဘယ ကင်းဝေးရေးအတွက် သန့်ရှင်းရေးနှင့် ပတ်သက်သောဆောင်ပုဒ် Sanitation for All ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေးနှင့်ပတ်သက်၍ ပြည်သူများက ကျန်းမာရေးနှင့်ညီညွတ်သောအမူအကျင့်များ ပြုမူကျင့်ကြံလာစေရန် အပြုအမူပြောင်းလဲရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများကို ကျေးလက်ဒေသများတိုင် ပညာပေးကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပြည်သူများ၏ စိတ်ဓာတ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် အကျိုးသက်ရောက်မှုများရှိခဲ့ပေရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝမြင့်မားရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၄-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၅	၇။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၂)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **တိုက်တိုက်ဆိုင်ဆိုင်**
၁၃:၃၀	၆။	ကျန်းမာသုတ
၁၄:၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်**(အပိုင်း-၁၇)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၀။	လျှပ်တစ်ပြက်
၆:၃၀	၁၁။	ဘဝကြေးမုံ **အခန်းဖော်** ကောင်းစျာန်သစ်၊ အေးမြတ်သူ (ဒါရိုက်တာ-ဘုန်းမျိုးကျော်)
၆:၄၅	၁၂။	ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ**(အပိုင်း-၇)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ကျန်းမာသုတ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၀)
	၂၂။	**နှစ်ခေတ်ပြိုင်ချစ်သူ**(အပိုင်း-၁၀)

နေပြည်တော်လယ်ဝေး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနား
နယ်စပ်/စည်ပင် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

နေပြည်တော် မတ် ၁၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော်လယ်ဝေး ဖောင်တော်ချက်မဘုရားလမ်း၊ ရုံးလမ်းနှင့် ကန်စွယ်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဖောင်တော်ချက်မ ဘုရားလမ်း လမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)မှ ဌာနမှူး ဦးကျော်မြင့်က ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဌာနကြီးမှူး ဦးမျိုးအောင်၊ နေပြည်တော်လယ်ဝေး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မြို့မိမြို့ဖ ဦးဌေးဝင်းတို့က ဘုရားလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်ပေး

ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။ ယနေ့ ဖွင့်လှစ်သည့် ဖောင်တော်ချက်မဘုရားလမ်း၊ ရုံးလမ်းနှင့် ကန်စွယ် လမ်းသည် လမ်းအရှည်ပေ စုစုပေါင်း ပေ၇၄၅၀နှင့် အကျယ် ၁၈ပေ ရှိပြီး ယခင် လမ်းဟောင်းကို ကတ္တရာ ထပ်ပိုးလွှာဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆင့်မြှင့်တင်

နေပြည်တော်လယ်ဝေး သာယာလှပရေးနှင့် လမ်းများကောင်းမွန်စေရေး အတွက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ယခုဖွင့်လှစ်သည့်လမ်းများ အပြင် ခန်းမလမ်း၊ ဘူတာလမ်း၊ ရေအိုးစင် ရွာသွားလမ်းတို့ကိုလည်း လမ်းအရှည်ပေ ၁၁၀၀၀ကို ငွေကျပ် ၁၂၆၃သိန်း အကုန် အကျခံ၍ ကတ္တရာလမ်းအဖြစ် အဆင့် မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပြီး နဝရတ် လမ်းနှင့် ခရေလမ်းများကိုလည်း ဆက်လက် အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး နှစ်မှစတင်၍ ယခု ၂၀၀၉-၂၀၁၀ ဘဏ္ဍာ ရေးနှစ်အထိ နေပြည်တော် လယ်ဝေးရှိ လမ်း ၂၁လမ်းကို ပြုပြင်ခြင်းနှင့် အဆင့် မြှင့်တင်ခြင်းတို့အတွက် ငွေကျပ်သိန်း ပေါင်း ၃၄၀၄ သိန်း ကျခံသုံးစွဲခဲ့ပြီး ဖြစ် ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီး မြှုပ်နှံသူများအသင်းဥက္ကဋ္ဌ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ Mr.Tran Bac Ha နှင့်အဖွဲ့ လာရောက်တွေ့ ဆုံစဉ်။ (သတင်းစဉ်)

ဘဏ္ဍာ/အခွန် ဝန်ကြီးဗိုလ်ချုပ်လှထွန်းအား
ဗီယက်နမ် ရင်းနှီးမြှုပ်နှံသူများအသင်းဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် မတ် ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံသူများအသင်း ဥက္ကဋ္ဌ ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ Mr.Tran Bac Ha နှင့် အဖွဲ့သည် မတ် ၁၂ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတို့တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြတ်မော်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးသတ်စွမ်းရည် သရုပ်ပြပွဲ တောင်ကုတ်မြို့၌ ကျင်းပ

ရန်ကုန် မတ် ၁၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ မီးသတ်စွမ်းရည်သရုပ်ပြပွဲကို တောင်ကုတ်မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့အင်အား ၄၆ဦးဖြင့် မတ် ၅ရက် နံနက် ၁၀နာရီက တောင်ကုတ်မြို့ အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြသန်းက မီးသတ်စွမ်းရည် သရုပ်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်စွမ်းရည်နှင့် မီးသတ်ဆေးဘူး သုံးစွဲ၍ မီးငြိမ်းသတ်ခြင်းတို့ကို သရုပ်ပြသည်။

အဆိုပါသရုပ်ပြပွဲသို့ တောင်ကုတ် တပ်နယ်မှ ဗိုလ်မှူးကြီးညိုစောနှင့် အရာရှိကြီးများ၊ မြို့နယ်ဥက္ကဋ္ဌဦးသိန်းဇော်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်အားပေးကြသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ ဧည့်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် ထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီကြီးဖြစ်သော POSCO Corporation မှ Regional Director, Mr. Lim , Seung Subh နှင့် Director, Mr. Kim, Hyeon Kyeom နှင့်အဖွဲ့သည် မတ် ၁၂ရက် ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ POSCO Corporation အနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ဧရာဝတီတံတား (ပခုက္ကူ)တံတား တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဦးကျင်မောင်၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးကျော်လင်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) ဦးဝင်းတင့်နှင့် ရုံးအဖွဲ့မှူး ဦးကျော်ဝင်း၊ အင်ဂျင်နီယာချုပ်(တံတား) ဦးစိန်မောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် ထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီ POSCO Corporation မှ Regional Director, Mr. Lim , Seung Subh နှင့် Director, Mr. Kim, Hyeon Kyeom တို့ လာရောက်တွေ့ဆုံစဉ်။ (ဆောက်လုပ်ရေး)

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ်ထွက်ပြီ

ရန်ကုန် မတ် ၁၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၁၁)၌ ပြောင်းလဲလာသော ရာသီဥတုအခြေအနေများနှင့် ပျက်စီးလာသော သဘာဝပတ်ဝန်းကျင်များကြောင့် မြန်မာနိုင်ငံ၏ မြစ်ကြီးများအတွက် စိုးရိမ်စရာဖြစ်လာ၊ အဖိုးရာကျော် မကပါရှိသည့် ငှက်ပျောခိုင်တစ်ခိုင် ထူးခြားစွာပေါ်ထွက်၊ ငွေကျပ်ငါးသိန်းတန် စီဒီအမ်အေဖုန်း အသုံးပြုသူများ ၁၀နှစ်ပြည့်က ငွေထပ်သွင်းရမည်ဆိုခြင်းမှာ မမှန်၊ ငွေကျပ်ငါးသိန်းတန် စီဒီအမ်အေကတ်ပျောက်ဆုံး ပျက်စီးပါက ကတ်အသစ်ထုတ်ရန် ငွေကျပ် တစ်သိန်း ပေးသွင်းရမည်၊ အယ်လ်နီညိုဖြစ်စဉ် ထပ်မံဖြစ်ပေါ်နိုင်၊ ထိုင်းဗီဇာဝင်ရန် ကိုယ်ပိုင် ပိုင်ဆိုင်မှု မပြနိုင်သေးသူ လူငယ်များ မိဘ၏ပိုင်ဆိုင်မှုကိုပြနိုင်၊ နောက်ဆုံးပေါ် ငှက်ဖျားဆေးမတိုးသော ငှက်ဖျားပိုးတစ်မျိုး မြန်မာနိုင်ငံတွင် စတင်တွေ့ရှိ၊ မြန်မာနိုင်ငံ၏ ပထမဆုံး သုံးမြွှာပူး ဖန်ပြွန်သန္ဓေသားများ တစ်နှစ်ပြည့်ပြီစသည့် ပြည်တွင်းရေးရာသတင်းများ၊ ရှေးဟောင်းမြန်မာ့ကမ္ပည်းကျောက်စာကျမ်းများနှင့် သမိုင်းဝင် ထူပါရုံကျောက်စာ Myanmar DISCOVERY၊ ဒီမိုကရေစီ အတွေးအမြင်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဒီမိုကရေစီတည်ဆောက်ခြင်းကို ပုံဖော်ခြင်း အထူးဆောင်းပါး၊ မီးအိမ်ရှင်မလေး၊ အတ္တကိုက်ရာလေးတွေ၊ အလုပ်သင်စနစ်ရေစီး၊ ပေါင်မုန့်သည် ကိုစောရယ်ဆေး၏ သူ့ဘဝ သူ့ဒဿနကဲ့သို့သော ဖတ်စရာမှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဖိမ်ခံပစ္စည်းသုံးစွဲသူ တရုတ်တို့ဖြစ်လာဖွယ်ရှိ၊ အမေရိကန်တွင် စားသုံးသူကြွေးမြီမြင့်တက်လာ၊ ကမ္ဘာတစ်လွှားရှိ ကွန်ပျူတာများကို ထိုးဖောက်ဝင်ရောက်ကာ ပြစ်မှုကျူးလွန်သည့် ဂိုဏ်းကြီးအား စပိန်ရဲတပ်ဖွဲ့ချေမှုန်း၊ သင်တန်းသားကိုမြူဆွယ်ပြီး ချစ်ဇာတ်လမ်းခင်းသည့် ဘဲလေးအကဆရာမ တရားစွဲဆိုခံရ၊ ၁၀နှစ်သားအရွယ်ခန့်က နှစ်နှစ် အရွယ်ကလေးငယ်ကို သတ်ခဲ့သူ ထောင်အပြင်ထွက်၍ နိုက်ကလပ်တံခါးစောင့်အဖြစ် သွားရောက်လုပ်ကိုင် စသည့်နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၆။ အတီးပြိုင်ပွဲ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ ချောင်းကမ်းဘေးက ရွာကလေး
- ၈း၂၅ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၈း၃၅ ၁၀။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ Connect with English (Episode-32) (The Missing Car)
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၀၅ ၂။ တေးဂီတအစီအစဉ်
- ၁၁း၁၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁း၂၅ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၈၀)
- ၁၂း၂၀ ၅။ Golf Magazine (TV)
- ၁၂း၄၀ ၆။ မြန်မာရုပ်ရှင် **အသက်ကိုနှင်း၍** တွံတေးသိန်းတန်၊ စိုးနိုင်၊ ခင်သန်းနု (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၅း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဖွင့်ပွဲအခမ်းအနားနှင့် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ကမ္ဘောဇ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ ကာတွန်းအစီအစဉ် **Bugs Adventures** (အပိုင်း-၄)
- ၆း၄၀ ၆။ တစ်မျက်နှာ တစ်ကွက်စာ **လှတယ်ပြောမှ သဘောကျတယ်** မင်းဦး၊ ခင်ဇာခြည်ကျော်၊ မိုးလ်ခန့်၊ မိုခမ်း [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၀)
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၅)
- ၁၃။ ရုပ်သံကြယ်ပွင့်များ
- ၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၅။ အစီအစဉ်ပြီး၏။

ယန္တရားအသစ်များမိတ်ဆက်၊ အရောင်းမြှင့်တင်ပွဲကျင်းပ

ရန်ကုန် မတ် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ဆည်မြောင်းစီမံကိန်းများ၏ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက်က ပဲခူးတိုင်း ပဲခူးမြို့ ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေး ဌာနခွဲ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

စာတမ်းဖတ်ပွဲနှင့်အတူ ပြင်ပစီးပွားရေးကုမ္ပဏီများ၏ အထောက်အကူပြု ပစ္စည်းများပြခန်း၌ ကိုရီးယားနိုင်ငံ Hyundai Co. ထုတ်ယန္တရားအသစ်များကို မြန်မာနိုင်ငံအတွက် တစ်ဦးတည်း တင်သွင်းသည့် ကိုယ်စားလှယ် Family United Power Co., Ltd. က Hyundai Excavator, Hyundai Heavy Duty Dump Truck, Hyundai Wheel Loader, Hyundai Fork Lift ကို အထူးကဏ္ဍအနေဖြင့် ပြသထားပြီး **(အပေါ်ပုံ)**ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် အရောင်းမြှင့်တင်ပွဲကို တစ်ပြိုင်တည်း ကျင်းပရာ ကုမ္ပဏီ၏ ဒါရိုက်တာဦးစိုးမင်းသန့်က တင်သွင်းလာသည့်ပစ္စည်းများ၏ အားသာချက်များကို ရှင်းလင်းပြောကြားသည်။

Hyundai Excavator ၏ အားသာချက်မှာ Cummins Engine မှာ(U.S.A)၊ Hydraulic Main. Pump မှာ Kawasaki (Japan)၊ Injection Pump မှာ Bosch (Germany)၊ Swing နှင့် Travel Motor မှာ Sungbo (Korea)၊ Main Control Value မှာ (H.H.I. Korea) တို့ကိုအသုံးပြုထားသဖြင့် ယန္တရားသက်တမ်းမှာ ကြာရှည်အသုံးခံသည့်အပြင် အပိုပစ္စည်းများမှာလည်း အလွယ်တကူ ဝယ်ယူနိုင်သကဲ့သို့ ဈေးနှုန်းမှာလည်း သင့်တင့်မျှတသော ဈေးနှုန်းဖြစ်သည်။

အားသာချက်

ထို့အတူ Hyundai Heavy Duty Dump Truck အသစ်များ၏ အားသာချက်မှာ Mitsubishi Fuso အင်ဂျင်ကို အဆင့်မြှင့်ထားခြင်းကြောင့် ပြုပြင်ရန်လွယ်ကူခြင်း၊ ဆီစား သက်သာခြင်း၊ အောက်ပိုင်းတည်ဆောက်ပုံမှာ ဖရိမ်နှစ်ထပ်တည်ဆောက်ထားခြင်းကြောင့် ဝယ်ယူသူက ဖရိမ်ထပ်ပိုးရန်၊ လေးပိုးရန်၊ တာယာအသစ် လဲလှယ်ရန်မလိုအပ်သကဲ့သို့ ယာဉ်နောက်ခန်းကုန်တင်ရန် ဘော်ဒီတည်ဆောက်ပုံမှာ အခြားယာဉ်များထက် ဝန်တင်ရန်နေရာပိုမိုကျယ်ပြန့်ခြင်း၊ ဘော်ဒီသံသားပိုမိုထူထဲထားသဖြင့် ဘော်ဒီထပ်ပိုးရန် မလိုအပ်ခြင်းစသည့် အားသာချက်များရှိကြောင်း သိရသည်။

ဆက်သွယ်နိုင်

ဆက်သွယ်ဝယ်ယူလိုပါက Family United Power Co., Ltd. အမှတ် (၁၂/ဘီ) ၄၃ ရွှေကိန္နရီအိမ်ရာ နာနတ်တောလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၀၇၂၊ ၅၀၃၂၈၈၊ ၅၀၃၉၈၈၊ ၀၉-၅၀-၃၉၁၁၇၊ ၀၉-၈၆-၂၇၇၇၀၊ ၀၉-၅၀-၇၀၂၄၄နှင့် ၀၉-၅၄-၁၃၁၁၁ တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှု အသင်းချုပ်တွင် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့ ပူးပေါင်းကျင်းပသည့် ပညာရှင်များဟောပြောပွဲ (၂/မတ်-၂၀၁၀)ကို မတ် ၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Tower(ပထမထပ်) ခန်းမကြီး၌ ကျင်းပမည် ဖြစ်သည်။

ဆွေးနွေးဟောပြော

ယင်းဟောပြောပွဲတွင် မလေးရှားနိုင်ငံ Association of Chinese Chamber of Commerce & Industry of Malaysia (ACCCIM) မှ Advisor ဖြစ်သူ Tan Sri Dato Soong Siew Hoong က Leadership and Results through Good Human Relations ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည် ဖြစ်သည်။

ဟောပြောပွဲသို့ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

တရုတ်အမျိုးသမီးနှစ်ဦးအား အာကာသယာဉ်မှူးအဖြစ်ရွေးချယ်

ပေကျင်း မတ် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အမျိုးသားငါးဦးနှင့်အမျိုးသမီးနှစ်ဦးပါဝင်သောအာကာသယာဉ်မှူးများကို ဒုတိယအသုတ် ရွေးချယ်လိုက်ကြောင်း၊ အမျိုးသမီးများအနေဖြင့် တရုတ်အာကာသရေးရာလုပ်ငန်း၌ ပထမဦးဆုံးပါဝင်ခွင့်ရရှိသွားကြခြင်းပင်ဖြစ်ကြောင်း တရုတ်အရာရှိများက မတ်၁၃ရက်၌ ပြောကြားသည်။

ရွေးချယ်လိုက်သည့် အမျိုးသမီး အာကာသယာဉ်မှူးနှစ်ဦးစလုံးမှာ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)လေတပ်မှ လေကြောင်းပို့ဆောင်ရေး လေယာဉ်မှူးများဖြစ်ကြကြောင်း၊ ထိုအမျိုးသမီးအာကာသယာဉ်မှူးများသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံက အနာဂတ်၌ တည်ဆောက်မည့် အာကာသစခန်းတွင် တာဝန်ယူကြရမည့်သူများ ဖြစ်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူပါသော အာကာသယာဉ် အစီအစဉ်၏ ဒုတိယ အကြီးအကဲဟောင်း ဆောင်ကျင်ကီက ပြောကြားသည်။ ယင်းအမျိုးသမီးအာကာသယာဉ်မှူးများကို ရွေးချယ်ရာတွင် အမျိုးသားများကဲ့သို့ ရွေးချယ်ကြောင်း၊ သို့ရာတွင် တစ်ခုတည်းသော ကွဲပြားချက်မှာ ထိုအမျိုးသမီးများသည် အိမ်ထောင်ရှင်ဖြစ်ရမည်ဆိုသည့် အချက်ပင်ဖြစ်ကြောင်း၊ ဤကဲ့သို့ သတ်မှတ်ရခြင်းမှာ အိမ်ထောင်ရှင်အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာများတွင်ပါ ပိုမိုရင့်ကျက်ကြခြင်းကြောင့် ဖြစ်ကြောင်းလည်း ဆောင်ကျင်ကီက ပြောကြားသွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သြစတြေးလျရင်းနှီးမြှုပ်နှံသူများအား အင်ဒိုနီးရှားသမ္မတ ဖိတ်ခေါ်

ဆစ်ဒနီ မတ် ၁၃

သြစတြေးလျစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြရန် အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်းက မတ် ၁၁ရက်တွင် ဖိတ်ခေါ်လိုက်သည်။ သြစတြေးလျသို့ သုံးရက်ကြာသွားရောက်သည့် ၎င်း၏ခရီးစဉ်သည် ပြီးဆုံးပြီဖြစ်သည်။

တွေ့ဆုံဆွေးနွေး

သမ္မတဆူစီလိုသည် သြစတြေးလျခရီးစဉ်၏ နောက်ဆုံးအစီအစဉ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်များ၊ အထက်တန်းပုဂ္ဂိုလ်များနှင့်ဆစ်ဒနီမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပါဝင်

ယင်းသို့ဆွေးနွေးရာတွင် သြစတြေးလျဝန်ကြီးချုပ်ဟောင်း ပေါလ်ကီတင်း၊ နယူးဆောက်ဝေးပြည်နယ် ဝန်ကြီးချုပ်ဟောင်းများဖြစ်သည့် ဘော့ကင်၊ နစ်ဂရိန်းနားနှင့် ကုန်သွယ်ရေးဝန်ကြီး ဆီမွန်ကရင်တို့ ပါဝင်ကြသည်။

အင်ဒိုနီးရှား၏ စိုက်ပျိုးရေးစွမ်းအင်နှင့် အခြေခံအဆောက်အအုံဌာနများတွင် သြစတြေးလျစီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများရှိနေသည်ဟု ဆူစီလိုက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ် မက္ကဆီကိုနိုင်ငံသား ဖြစ်လာပြီ

နယူးယောက် မတ် ၁၃

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မတ် ၁၀ရက်က ထုတ်ဝေသည့် ဖော်ဘီမဂ္ဂဇင်းတွင် ယခုနှစ်၏ ကမ္ဘာ့အချမ်းသာဆုံး ပြည်သူများအနက် အချို့ကို မီးမောင်းထိုးဖော်ပြထားပြီး ၎င်းမှာ ငွေကြေးဈေးကွက်ပိတ်သည့် ဖေဖော်ဝါရီ ၁၂ရက်၌ရှိသော အသားတင်စာရင်းများအရ ဖော်ပြထားခြင်းဖြစ်သည်။

တိုးလာ

၂၀၁၀ခုနှစ်၏ စုစုပေါင်းအသားတင်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၃ဒသမ ၆ထရီလီယံရှိသည်။ ၂၀၀၉ခုနှစ် စုစုပေါင်းအသားတင်ငွေပမာဏ ၂ဒသမ ၄ထရီလီယံသာ ရှိခဲ့ရာမှ ယခုကဲ့သို့ တိုးလာခြင်းဖြစ်သည်။

စုစုပေါင်းဘီလျံနာသူဌေးဦးရေမှာ ၂၀၀၉ခုနှစ်က ၇၉၃ဦး ရှိခဲ့ရာမှ ၂၀၁၀ခုနှစ်တွင် ၁၀၁၁ဦးအထိတိုးလာသည်။ နိုင်ငံ ၂၂နိုင်ငံကိုယ်စားပြုသူဌေး ၉၇ဦး တိုးလာပြီး လက်ရှိ သူဌေး ၁၆၄ဦးရှိသည်။

ထိပ်တန်း

မက္ကဆီကိုနိုင်ငံသား ကာလို့စ်ဆလင်ဟီလူသည် ယခင်နံပါတ် ၃အဆင့်ရှိနေရာမှ နံပါတ် ၁အဆင့်သို့ ခုန်တက်လာသည်။ ဤသည်မှာ ၁၉၉၄ ခုနှစ်ကတည်းက ထိပ်တန်းဘီလျံနာသူဌေးကြီးအဖြစ် အမေရိကန်တစ်ဦးမျှ မရှိခဲ့ရာမှ ပထမဦးဆုံးအကြိမ် ထိပ်တန်းသူဌေးကြီး ဖြစ်လာခြင်းဖြစ်သည်။

ဘီလ်ဂိတ်သည် နံပါတ်တစ်အဆင့်မှ နံပါတ်နှစ်အဆင့်သို့ ဆင်းသွားပြီး ဝရန်းဘူဖက်က နံပါတ်နှစ်အဆင့်မှ နံပါတ်သုံးအဆင့်သို့ ကျသွားခဲ့သည်။ *အမ်အင်န်အေ၊ဆင်ဟွာ*

အဆောက်အအုံ

၂၀၁၀ကမ္ဘာ့ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် "ကာဗွန်နည်းရာဉ္စကမ္ဘာ" ခေါင်းစဉ်ဖြင့် အဆောက်အအုံကို ရှန်ဟိုင်းမြို့၌ မတ် ၁၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှု လေးဦးသေဆုံးခဲ့ရ

အစ္စလမ္မာဘတ် မတ် ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ မတ် ၁၁ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ၁၀ဦးဒဏ်ရာရရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲ

ယင်းဖြစ်ပွားမှုသည် ခိုင်ဘာဒေသရှိ ပြည်သူ့စစ်တပ်ဖွဲ့များ စီးနင်းလိုက်ပါလာသည့် ယာဉ်တန်းကို ပစ်မှတ်ထား တိုက်ခိုက်ရန် စီစဉ်ခြင်းဖြစ်သည်။ သို့သော်လည်း ပက်ရှ်ဝါမြို့အပြင်ဘက်ရှိ ဈေးအနီး၌ အသေခံဗုံးခွဲသူ ခလုတ်တိုက်လဲကျပြီးနောက် ဗုံးကြိုတင်ပေါက်ကွဲသွားခြင်းဖြစ်သည်ဟုဆိုသည်။

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၂၀၀၇ခုနှစ်နောက်ပိုင်း သေဆုံးသူ ၃၀၀၀ ကျော်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှု ပါလက်စတိုင်းအား ဂျိုးဘိုင်ဒင် အားပေး

ရာမာလာ မတ် ၁၃

ပါလက်စတိုင်းတို့၏ အလားအလာရှိနေပြီဖြစ်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ယင်းတို့၏ အဖွဲ့အစည်းများဖွဲ့စည်းမှု လုပ်ငန်းများကို အမေရိကန်အစိုးရက အားပေးကြောင်း အမေရိကန် ဒုတိယ သမ္မတဂျိုးဘိုင်ဒင်က မတ် ၁၀ရက်၌ ပြောကြားသည်။

အားပေး

အမေရိကန်နိုင်ငံသည် ပါလက်စတိုင်းအမျိုးသား အာဏာပိုင်အဖွဲ့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ဆောက်ခြင်းလုပ်ငန်းများကို အခိုင်အမာ အားပေးကြောင်းဖြင့်လည်း ဂျိုးဘိုင်ဒင်က ဆက်လက်ပြောကြားသည်။

ပြောကြား

ပါလက်စတိုင်းဝန်ကြီးချုပ် ဆာလမ်ဖေယက်၏ နှစ်နှစ်ကြာ နိုင်ငံတော်တည်ဆောက်ရေးစီမံကိန်းကို ရည်ညွှန်းကာ ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့်အတူ ရာမာလာမြို့တွင် ပူးတွဲသတင်းစာ ရှင်းလင်းပွဲပြုလုပ်ရာ၌ ဂျိုးဘိုင်ဒင်က ယင်းကဲ့သို့ ပြောကြားသွားခြင်းလည်း ဖြစ်သည်။ **(အင်တာနက်)**

ဂျပန်ပြည်ပကုန်သွယ်ရေးရုံးခွဲ ကမ္ဘောဒီးယား၌ဖွင့်

ဖနောင်ပင် မတ် ၁၃

ဂျပန်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ကုန်သွယ်မှု တိုးမြှင့်ပြုလုပ်ရန် ရည်ရွယ်၍ ဂျပန်ပြည်ပကုန်သွယ်ရေး အဖွဲ့(ဂျက်ထရို)ရုံးခွဲကို ကမ္ဘောဒီးယားနိုင်ငံ၌ တရားဝင်ဖွင့်လှစ်လိုက်ကြောင်း၊ ဂျပန်ရင်းနှီးမြှုပ်နှံသူများသည် ကမ္ဘောဒီးယားနိုင်ငံ၌ ပိုမိုစိတ်ဝင်စားသည်ကို ပြသလိုက်ခြင်းပင် ဖြစ်ကြောင်း ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ဂျပန်အစိုးရ အရာရှိများက မတ် ၁၁ရက်တွင် ပြောကြားသည်။

ဖနောင်ပင်တွင် ဂျက်ထရို အမြဲတမ်းရုံးခွဲ ဖွင့်လှစ်ထားရှိခြင်းသည် ဤအရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံ ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရေးအတွက် ခိုင်မာသည့် အရင်းအမြစ်များကို ဂျပန်ရင်းနှီးမြှုပ်နှံသူများ ရရှိစေရုံသာမက ကမ္ဘောဒီးယား စီးပွားဖက်များနှင့် ဂျပန်ရင်းနှီးမြှုပ်နှံသူများ အကြား ပေါင်းကူးတံတား တည်ဆောက်ပေးရာလည်းရောက်ကြောင်း ကမ္ဘောဒီးယား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေါ်တူဂီ၌ နိုင်ငံကူးလက်မှတ် အတုကိုင်ဆောင်၍ အကြမ်းဖက်သမားသံသယရှိသူအားဖမ်းဆီးရမိ

မက်ဒရစ် မတ် ၁၃

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းလေဆိပ် စစ်ဆေးရေးဌာန၌ အီးတီအေ အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးကို မတ်၁၃ရက်၌ ဖမ်းဆီးရမိကြောင်း ဒေသဆိုင်ရာသတင်းစာက ဖော်ပြသည်။

သင်္ကာမကင်း

အန်ဒိုနီဇန်ရိုတီတက်ဘန်ရိုအာသည် နိုင်ငံကူးလက်မှတ်အတုကိုင်ဆောင်၍ ကရာကတ်စ်သို့ ထွက်ခွာရန်ပြင်ဆင်နေစဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်လအတွင်းက လစ္စဘွန်းမြို့မြောက်ဘက် အိုဘီဒို့စ်မြို့၌ ဝှက်ထားသောဖောက်ခွဲရေးပစ္စည်း ကီလိုဂရမ် ၁၅၀၀ခန့်ကို တွေ့ရှိခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်ဆက်နွယ်လျက်ရှိသည်ဟု သင်္ကာမကင်း ခံရသူဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့လေကြောင်းမှ တိုက်ခိုက်သဖြင့် အပျက်အစီးများကို မတ် ၁၂ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယား အိုင်စီတီနည်းပညာတိုးတက်ရေး သင်တန်းပေး

ဖနောင်ပင် မတ် ၁၃

ကုလသမဂ္ဂကျွမ်းကျင်သူ ပညာရှင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ပြန်ကြားရေးနှင့် ဆက်သွယ်ရေးနည်းပညာ (အိုင်စီတီ)တွင် ကမ္ဘောဒီးယား အစိုးရအရာရှိများ ကျွမ်းကျင်နိုင်နင်းစွာဖြင့် တိုးမြှင့်ကိုင်တွယ်နိုင်ရေးအတွက် ပထမဦးဆုံး သင်တန်းပေးနေပြီဖြစ်ကြောင်း ကုလသမဂ္ဂနှင့် ကမ္ဘောဒီးယား အရာရှိများက မတ် ၁၂ရက်တွင် ပြောကြားသည်။

ရည်ရွယ်ချက်

အဆိုပါသင်တန်းကို အလုပ်ရုံဆွေးနွေးပွဲပုံစံဖြင့် လေးရက်ကြာ ဖွင့်လှစ်ခဲ့ပြီး၊ မတ် ၉ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့ကြောင်း၊ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘောဒီးယားအစိုးရအဆင့်ဆင့်တွင် အိုင်စီတီ လူသား အရင်းအမြစ် စွမ်းဆောင်ရည် တိုးတက်ရရှိရေးနှင့် အီး-ဂါးဗားမန့် စွမ်းရည်မြှင့်တင်ရေးတို့အတွက် ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ထိုအလုပ်ရုံဆွေးနွေးပွဲသင်တန်းသို့ ဝန်ကြီးဌာန ၂၀မှ အိုင်စီတီ သို့မဟုတ် အီး-ဂါးဗားမန့်စီမံကိန်းများအတွက် တာဝန်ယူထားကြရသော အဆင့်မြင့်အစိုးရအရာရှိ ၅၀ကျော်တို့ တက်ရောက်ကြသည်ဟုလည်း သိရသည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

ဆိုမာလီအစိုးရတပ်နှင့် သောင်းကျန်းသူများ အပြင်းအထန်တိုက်ခိုက်၊ ၁၀ဦးသေဆုံး

မိုဂါဒစ်ရှူး မတ် ၁၃

အာဖရိကသမဂ္ဂ(အေယူ) ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များထောက်ခံသည့် ဆိုမာလီအစိုးရတပ်ဖွဲ့ဝင်များနှင့် အစ္စလာမ္မစ် တိုက်ခိုက်ရေးသမားတို့ မိုဂါဒစ်ရှူးမြို့၌ မတ် ၁၁ရက်က ပြင်းထန်သည့်တိုက်ပွဲများဖြစ်ပွားခဲ့ရာ ၁၀ဦးခန့်သေဆုံးခဲ့ပြီး လူဒါဇင်ပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်ကပြောကြားသည်။

ဒဏ်ရာရရှိ

မိုဂါဒစ်ရှူးမြို့မြောက်ပိုင်းတွင် သောင်းကျန်းသူများက အစိုးရစခန်းများအား စုပေါင်းတိုက်ခိုက်ရာ အေယူငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ၏ အမြောက်ကြီးများသုံး၍ ကူညီတိုက်ခိုက်မှုဖြင့် အစိုးရတပ်ဖွဲ့ဝင်များက ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ပွဲကြောင့် အရပ်သား အများအပြားဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

ကာဇက်စတန်၌ ပျက်ကျသည့်ရဟတ်ယာဉ် ပြန်လည်တွေ့ရှိ ရှစ်ဦးသေဆုံးခဲ့

အယ်လ်မာတီ မတ် ၁၃

ကာဇက်စတန်နိုင်ငံ အရှေ့ပိုင်း၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျသဖြင့် ရဟတ်ယာဉ်ပေါ်လိုက်ပါလာသူရှစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာအရေးပေါ်ကယ်ဆယ်ရေးဌာနက မတ်၁၂ရက်၌ ပြောကြားသည်။

ရှာဖွေတွေ့ရှိ

အဆိုပါရဟတ်ယာဉ်သည် မတ်၁၁ရက်မွန်းလွဲပိုင်းက ပျောက်ဆုံးနေခဲ့ခြင်းဖြစ်ပြီး ကယ်ဆယ်ရေးအဖွဲ့သည် ကာဇက်စတန်နိုင်ငံ ယုဒ်ဇာဒေသ၌ ဆရာဝန်နှစ်ဦးနှင့် ဒေသဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်နှစ်ဦးအပါအဝင် ရဟတ်ယာဉ်ပေါ်ပါသူရှစ်ဦး၏ အလောင်းများနှင့်အတူ မီ-၈ ရဟတ်ယာဉ်အပျက်အစီးများကို မတ် ၁၂ရက်က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ဂျပန်၌ ဘိုးဘွားရိပ်သာ မီးလောင်မှုဖြစ်ပွား

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း ဆာပိုရိုမြို့ရှိ ဘိုးဘွားရိပ်သာ၌ မတ်၁၃ရက်က မီးလောင်မှုဖြစ်ပွားရာ အဘိုးသုံးဦးနှင့် အဘွားလေးဦးသေဆုံးခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ဂျာမနီတောင်ပိုင်း၌ ဆီးနှင်းများထူထပ်စွာကျဆင်း

ဂျာမနီနိုင်ငံတောင်ပိုင်း ကာဗာရီးယားပြည်နယ်တွင် မတ်၁၃ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့မှုကြောင့် မော်တော်ယာဉ်အစီး၁၃၀ကျော် ဆီးနှင်းခဲများ အကြား ပိတ်မိလျက်ရှိကြောင်း၊ ရှင်းလင်းရေးအဖွဲ့များက ဆီးနှင်းများအားဖယ်ရှားလျက် ရှိကြောင်း မတ်၁၃ရက်၌ သတင်းထုတ်ပြန်သည်။ *(အောက်ပုံ)*

တရုတ်အနောက်မြောက်ပိုင်း၌ သဲမုန်တိုင်းတိုက်ခတ်

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဟိုတန်ပြည်နယ်တွင် မတ် ၁၃ရက်က သဲမုန်တိုင်း တိုက်ခတ်မှုကြောင့် မော်တော်ယာဉ်သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများလည်း အခက်အခဲဖြစ်လျက်ရှိကြောင်း ဆင်ဟွာ ဌာနက သတင်းထုတ်ပြန်သည်။

အိန္ဒိယမှကုန်ပစ္စည်းများ နီပေါတင်သွင်းမည်

အိန္ဒိယနိုင်ငံမှထုတ်ကုန်ပစ္စည်းများဖြစ်သော အဝတ်အထည်နှင့် အသုံးအဆောင် ပစ္စည်းများကို နီပေါနိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း နီပေါအရာရှိများက မတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

အာဂျင်တီးနားနှင့်ဘရာဇီး ခရီးသွားလုပ်ငန်းပူးပေါင်းမည်

အာဂျင်တီးနားနှင့်ဘရာဇီးနှစ်နိုင်ငံတို့သည် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားများနှင့်ဧည့်သည်များ နှစ်နိုင်ငံ ဝင်ထွက်သွားလာနိုင်ရေးကို လွယ်ကူမြန်ဆန်စေရန်ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း နှစ်နိုင်ငံအရာရှိများက မတ် ၁၃ရက်၌ သဘောတူညီခဲ့ကြသည်။

မာဒါဂါစကာနိုင်ငံ၌ မုန်တိုင်းတိုက်ခတ်

မာဒါဂါစကာနိုင်ငံအရှေ့ပိုင်း ကမ်းရိုးတန်းဒေသသို့ မတ် ၁၃ရက် နံနက်က အပူပိုင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ရာ ၁၄ဦးသေဆုံးပြီး နေရာဒေသအချို့၌ ရေလွှမ်း ခဲ့ကြောင်း မာဒါဂါစကာနိုင်ငံအရာရှိများက ပြောကြားသည်။

တရုတ်အရှေ့ပိုင်း၌ အစာအဆိပ်သင့်မှု ဖြစ်ပွား

တရုတ်နိုင်ငံအရှေ့ပိုင်း ဖူကျန့်ပြည်နယ် ဟီပင်းစီရင်စုတွင် မတ် ၁၃ရက်က အစာအဆိပ်သင့်မှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့ကြောင်း၊ အစာအဆိပ်သင့်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။

ရုရှားနှင့်အီတလီ ရဟတ်ယာဉ်ပူးတွဲထုတ်လုပ်မည်

ရဟတ်ယာဉ်များ ပူးတွဲထုတ်လုပ်ရန် ရုရှားနှင့်အီတလီတို့ မတ် ၁၃ရက်၌ သဘောတူညီမှု လက်မှတ်ရေးထိုးလိုက်ကြသည်။ နှစ်နိုင်ငံအနေဖြင့် ၂၀၁၂ခုနှစ်မှ စတင်ကာ ရဟတ်ယာဉ်များ စတင်ထုတ်လုပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်း ထုတ်ပြန်သည်။

ကာဇက်စတန်နိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ကာဇက်စတန်နိုင်ငံတောင်ပိုင်း အယ်မာတီဒေသတွင် မတ် ၁၃ရက်က မိုးသည်း ထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံ၂၀ကျော် သေဆုံးခဲ့ကြောင်း၊ လူ၃၀၀၀ ကျော် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ကာဇက်စတန်အရာရှိများက ပြောကြားသည်။

(အင်တာနက်)

မိုင်းဖြတ်၌ စာပန်းဝေဝေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မိုင်းဖြတ် မတ် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဖြတ်မြို့နယ် ဆိုင်းလေကျေးရွာ စာပန်းဝေဝေစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၁ နာရီခွဲက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်း၊ ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရာ ညွှန်ကြားရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှရှောင်က စာကြည့်တိုက် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးက သုတ၊ ရသစာအုပ် ၃၀၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးက သုတ၊ ရသစာအုပ် ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဖရန်စစ္စကိုက လက်ခံယူပြီး ခရိုင်ဥက္ကဋ္ဌဦးစိုးလင်းက သုတ၊ရသစာအုပ် ၂၀၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြသောင်းက ဂျာနယ်မျိုးစုံ အစောင် ၃၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်က သုတ၊ရသစာအုပ် ၁၅အုပ်၊ မြို့နယ်အကောက်ခွန်အရာရှိက ဂျာနယ်မျိုးစုံ အစောင် ၇၀၊ မြို့နယ်တရားသူကြီး ဦးလှထွန်းက နိုင်ငံတကာဂျာနယ် အစောင် ၆၀၊ မြို့နယ်မွေး/ကုဦးစီးအရာရှိ ဒေါက်တာအောင်သူမျိုးက မဂ္ဂဇင်းစာအုပ် ၃၃ အုပ်နှင့် တိုင်ကပ်နာရီတစ်လုံး၊ ဦးမိုးဒေဝက ဝတ္ထုနှင့်ရုပ်ပြ ၄၅အုပ်၊ မြို့နယ်မြေစာရင်းလက်ထောက်ဦးစီးဌာနမှူး ဦးကောင်းမြတ်မင်းက မဂ္ဂဇင်း၃၅အုပ်၊ ဆက်သွယ်ရေးတာဝန်ခံ ဦးခင်မောင်ဦးက သုတ၊ရသစာအုပ်ရှစ်အုပ်၊ စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးက ပြည်သာယာမဂ္ဂဇင်း ၁၀ အုပ်၊ တပ်ထိန်းတပ်ကြပ်အောင်သူက ဂျာနယ်မျိုးစုံ ၅၂စောင်၊ ဆည်မြောင်းဦးစီးအရာရှိ ဦးစိန်ဝင်းက လယ်ယာစီးပွားစာစောင် ၄၄စောင်တို့ကိုပေးအပ်လှူဒါန်းရာ ဦးကိုနောင်က လက်ခံယူသည်။

အကုန်အကျခံ

ဆက်လက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဇော်ဦးက ဒီတီအိတ်(ချ်) စလောင်းတစ်စုံကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်အေးက လက်ခံယူသည်။ အဆိုပါ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀သိန်း၊ ကျေးရွာပြည်သူများထည့်ဝင်ငွေကျပ် ၁၆၀၂၀၀၀ စုစုပေါင်းငွေကျပ်၂၆၀၂၀၀၀အကုန်အကျခံ ဆောက်လုပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

အထက တံတားဖြူ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ရန်ကုန်တောင်ပိုင်းခရိုင်ကျောက်တန်းမြို့နယ် တံတားဖြူ အထက ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ၊ မိတ်ဆုံညစာ စားပွဲနှင့် ထူးချွန်ကျောင်းသား ကျောင်းသူဟောင်းများဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ်၂၈ရက်(တနင်္ဂနွေနေ့) ညနေ၅နာရီတွင် အထက သီရိရတနာခန်းမ၌ကျင်းပမည်ဖြစ်သည်။ ဆရာကြီးဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်အလှူငွေနှင့်လှူဖွယ်ပစ္စည်းများကို ဦးထွန်းလှိုင် ဖုန်း-၀၉-၈၆၄၀၆၇၈၊ ဦးဆန်းနိုင် ဖုန်း-၀၉-၈၀၂၅၇၇၊ ဒေါ်ဝင်းမြင့် ဖုန်း-၀၉-၅၁၃၂၆၁၃၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁-၅၅၃၃၉၅၊ ကိုဖေသန်းမောင် ဖုန်း-၀၁-၇၃၀၁၁၀၉၃ နှင့် ကိုထွန်းလှအောင် ဖုန်း-၀၉-၅၀၃၅၁၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ပူဇော်ပွဲသို့လိုက်ပါမည့် ဆရာကြီးဆရာမကြီးများသည် ဆရာမဒေါ်သန်းငွေ ဖုန်း-၀၁-၅၁၀၇၇၄ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ဆူးပုတ်ကုန်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၆ရက်က RHC ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံဖွင့်ပွဲကို အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ အလှူရှင်ဦးမြင့်စိုး-ဒေါ်စန်းစန်းမြင့်၊ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းကျန်းမာရေးအရာရှိ ဒေါက်တာရန်နိုင်မောင်နှင့် တိုင်းကြက်ခြေနီဦးစီးမှူး(ဒုတိယတန်း)ဒေါ်နီနီမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုင်းရယ်မြို့နယ် ဥပဒေရုံး အဆောက်အအုံဖွင့်

လားရှိုး မတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့နယ် ဥပဒေရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၇ရက် နံနက် ၉နာရီက အဆိုပါရုံးသစ် အဆောက်အအုံရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်နှင့် မိုင်းရယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တွဲဖက်ပြည်နယ်ဥပဒေအရာရှိနှင့် တာဝန်ရှိသူတို့က အဆောက်အအုံသစ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မိုင်းရယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းကိုက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အဆိုပါရုံးသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သော မြို့နယ်ဥပဒေအရာရှိ ဦးဇော်ဇော်သက်က ရုံးဆောက်လုပ်မှုနှင့်ဆိုင်သော အစီရင်ခံစာကို ရှင်းလင်းတင်ပြကာ အဆိုပါစာရွက်စာတမ်းများကို မိုင်းရယ်မြို့နယ်ဥပဒေအရာရှိ ဦးနန္ဒာအောင်သို့ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် တာဝန်ရှိသူများက အထိမ်းအမှတ်အလံများပေးအပ်ကာ တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ်(၄)၏ ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို မတ်၁၂ရက်က ကျောင်းခန်းမ၌ကျင်းပရာ မူကြိုအကြီးတန်း(F)မှ ရင်သွေးငယ် မသော်သော်သိမ့်သူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ပေးအပ်စဉ်။

(၁၂၃)

မကွေးတိုင်းရင်းဆေးရုံသို့ ရုပ်မြင်သံကြားစက် လှူဒါန်း

မကွေး မတ် ၁၃

မကွေးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာန မကွေးတိုင်းရင်းဆေးရုံသို့ ရောင်စုံရုပ်မြင်သံကြားစက်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် မွန်းလွဲ၂နာရီက မကွေးတိုင်းရင်းဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဦးစီးဌာနမှူးဒေါ်ကြူကြူ၊ ခရိုင်တိုင်းရင်းဆေးမှူးဒေါ်တင်တင်အောင်၊ ဆေးရုံအုပ် ဦးအောင်စိုးနှင့် အလှူရှင်မိသားစုများ တက်ရောက်ကြပြီး အလှူရှင် ဗိုလ်မှူးနိုင်ဝင်း-ဒေါ်ခင်စောငြိမ်း မိသားစုက ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံးကို ပေးအပ်လှူဒါန်းရာ မကွေးတိုင်းရင်းဆေးရုံအုပ် ဦးအောင်စိုး လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။

(တိုင်းရင်းဆေးရုံ)

(၆၅)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူပူးပေါင်းဆောင်ရွက်သော သဘော့ကန်-တောစွန်းကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၁၁ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစောရွှေနှင့် သဘော့ကန်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ခရီးသည်များအား ဝန်ဆောင်မှုကောင်း၊ စည်းကမ်းကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်နေသော တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်း

အမေးအရေး-ဝင်းကျော်၊ ဓာတ်ပုံမှတ်တမ်း-သတင်းထောက်ထွန်းဇော်(စမ်းချောင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ယဉ်ယဉ်အေး(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၃

နေပြည်တော် လမ်းမများ၌ ပြေးဆွဲနေသော ခရီးသည်တင် ယာဉ်လိုင်းများတွင် တော်ဝင်ဟူသော အမည်ဖြင့် မောင်းနှင်သွားလာနေသော ဘတ်စ်ယာဉ်ကြီးများက ခရီးသည်များအား သယ်ယူပို့ဆောင်ပေးနေသည်ကို နေရာအနှံ့ တွေ့ရသည်။

တော်ဝင်သယ်ယူပို့ဆောင်ရေး

နေပြည်တော်နေ ပြည်သူများအား ခရီးသွားလာမှုလွယ်ကူစေရန် ဝန်ဆောင်မှု လုပ်ငန်း ဆောင်ရွက်ပေးနေသော နေပြည်တော် ဘောဂသီရိ ယာဉ်ရပ်နားစခန်း (အဝေးပြေးဝင်း) အတွင်းရှိ တော်ဝင်သယ်ယူပို့ဆောင်ရေး လုပ်ငန်းသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာဖြစ်သူ ဦးသန်းဌေးအား ၎င်း၏ ရုံးခန်း၌ တွေ့ဆုံ၍ သိလိုသမျှ မေးမြန်းခဲ့ရာ- "တော်ဝင်ယာဉ်လိုင်းဟာ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက် ဗန္ဓုလသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်ရဲ့ နေပြည်တော်အခြေစိုက် လုပ်ငန်းခွဲ တစ်ခု ဖြစ်ပါတယ်။ နေပြည်တော်မြို့တွင်း ပြေးဆွဲနေတဲ့ တော်ဝင်ယာဉ်လိုင်း အရေအတွက် ၁၇လိုင်းရှိပြီး ယာဉ်စီးရေ ၇၃စီးရှိပါတယ်။ ယာဉ်မောင်း ၇၉ဦးနဲ့ ယာဉ်မောင်းအကူ (စပယ်ယာ) ၁၇၉ဦး ရှိပါတယ်။

ယာဉ်လိုင်းခရီးစဉ်

ပြေးဆွဲပေးနေတဲ့ ယာဉ်လိုင်းခရီးစဉ်တွေဟာ ဘောဂသီရိမှ သိုက်ချောင်းနဲ့ မြို့မဈေး၊ မြို့မဈေးမှချောင်းမကြီးနဲ့ ပင်လယ်ပြာ၊ နေပြည်တော်ပျဉ်းမနားမှ နေပြည်တော်လယ်ဝေး၊ နေပြည်တော် တပ်ကုန်း၊ ရွာတော်ကြီးနဲ့ သိုက်ချောင်း-လှေခွင်းတောင်-နေပြည်တော် ပျဉ်းမနားတို့ ဖြစ်ပါတယ်။

ဒါ့အပြင် နေပြည်တော်ပျဉ်းမနားမှ တောင်ညို၊ ရေနီ၊ တောင်ဖီလာ၊ ဇီးဖြူပင်-နေပြည်တော်တပ်ကုန်း၊ မွေးမြူရေးဇုန်မှ တောင်ဖီလာတို့ကို ပြေးဆွဲပေးပြီး နေပြည်တော်ဘူတာကြီးသို့လည်း သိုက်ချောင်းနဲ့ မြို့မဈေးမှ ပြေးဆွဲပေးပါတယ်။ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ဘောဂသီရိနဲ့ သိုက်ချောင်းမှ ပြေးဆွဲပေးနေပါတယ်။

စည်းကမ်းတကျ

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရဲ့ ညွှန်ကြားချက်နဲ့အညီ နေပြည်တော် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)မှ စည်းကမ်းအတိုင်း ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို စည်းကမ်းတကျ ဆောင်ရွက်ပါတယ်။

ခရီးသည်များလိုရာခရီးကို သက်သောင့်သက်သာနဲ့သွားနိုင်ဖို့ ဝန်ဆောင်မှုကောင်းရပါတယ်။ စည်းကမ်းကောင်းရပါတယ်။ သတ်မှတ်စည်းကမ်း လိုက်နာမှု ရှိစေရန် ယာဉ်မောင်းနဲ့ ယာဉ်မောင်းအကူတို့ကို တိတိကျကျ စစ်ဆေးဆောင်ရွက်ပါတယ်။

ကူညီဆောင်ရွက်

ခရီးသည်များအနေနဲ့ ယာဉ်စီးနင်းတဲ့အခါ သတ်မှတ်ယာဉ်စီးခထက် ပိုမိုတောင်းခံရခြင်းနဲ့ ကျေနပ်မှုမရှိပါက တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များကို ကားအတွင်းမှာ ကပ်ထားပါတယ်။ ဒါ့အပြင် ယာဉ်လိုင်းနဲ့ ပတ်သက်၍ ခရီးသည်များထံမှ ဆန္ဒပြု အကြံပေးစာများ ရေးသားနိုင်ရန် အခါအားလျော်စွာ စာရွက်များပေးဝေပါတယ်။ အဲဒီအတွက် ခရီးသည်များရဲ့ ဆန္ဒကိုသိရှိပြီး ဝန်ဆောင်မှုကောင်းအောင် ဆောင်ရွက်နိုင်ပါတယ်။ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် ယာဉ်စီးခနဲ့ ပတ်သက်ပြီး အဆင်အပြေဆုံးဖြစ်အောင် ကူညီ ဆောင်ရွက်ပေးပါတယ်။

ယာဉ်မောင်းများ သတ်မှတ်မိုင်နှုန်း မောင်းနှင်ရေး၊ သတ်မှတ်ခရီးစဉ်ပြေးဆွဲရေးတို့ကို ဂိတ်မှူးများ၊ ယာဉ်လိုင်းကြီးကြပ်များက စစ်ဆေးဆောင်ရွက်ပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ရိုးသားမှု

ထို့အပြင် ယာဉ်မောင်းနှင့် ယာဉ်မောင်းအကူတို့ကို ယာဉ်လိုင်း နှစ်ပတ်လည် အခမ်းအနားတွင် ဝင်ငွေအများဆုံး ရှာဖွေပေးနိုင်မှုဆု၊ ယာဉ်ကြံ့ခိုင်မှုအကောင်းဆုံးဆု၊ ရိုးသားမှု ဂုဏ်ပြုဆုများဖြင့် လုပ်အားတန်ဖိုးအတွက် ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးကြောင်း၊ ၂၀၀၉ ခုနှစ်က ယာဉ်ပေါ်၌ မေ့ကျန်ပစ္စည်းပြန်လည်ပေးအပ်မှု ရှစ်ခုရှိခဲ့ပြီး ယခုနှစ်အစတွင် နှစ်ခုရှိကြောင်း ယာဉ်မောင်းနှင့် ယာဉ်မောင်းအကူတို့၏ အကျင့်စာရိတ္တ ရိုးသားမှုအတွက် ပြောကြားသည်။

အသိပညာပေး

ယာဉ်စည်းကမ်း လိုက်နာစေရန် အတွက်လည်း ညနေပိုင်းတွင် ယာဉ်လိုင်းအလိုက် ယာဉ်မောင်းများနှင့် တွေ့ဆုံပြီး အသိပညာပေးဟောပြောခြင်း၊ ယာဉ်မောင်းများ၏ ကြုံတွေ့ရသော အခက်အခဲများ ပြန်လည်တင်ပြမှုအပေါ် ဆွေးနွေးခြင်းများ ပြုလုပ်ကြောင်း သိရသည်။

တော်ဝင် သယ်ယူပို့ဆောင်ရေး ယာဉ်လိုင်းကို ၅-၁၂-၂၀၀၅ ရက်နေ့က စီးရေ ၃၀ဖြင့် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ ယခုမြို့တွင်းနှင့် အဝေးပြေး ပြေးဆွဲနေသော စီးရေမှာ ၂၄၀ရှိကြောင်း၊ နေပြည်တော်နေပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန် ပြေးဆွဲနိုင်သော လမ်းမှန်သမျှ ပို့ဆောင် ပြေးဆွဲပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တော်ဝင်ယာဉ်လိုင်းအနေဖြင့် ခရီးသည်များကို ဝန်ဆောင်မှုကောင်းခြင်း၊ စည်းကမ်းကောင်းခြင်းဖြင့် ဆောင်ရွက်ပေးပြီး နေပြည်တော်စည်ပင်ဖွံ့ဖြိုးမှုအတွက် ပြည်သူများကို ပို့ဆောင်ရေးကဏ္ဍမှ ကြိုးစားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းကွင်းဆင်းစေ့ငုမိသမျှ တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်း(မြို့တွင်း)၏ ရုံးခန်းအဆောက်အအုံကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

တော်ဝင်ခရီးသည်တင်ယာဉ်ပေါ်မှ ခရီးသည်များ ဆင်းသက်လာသည်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

တာဝန်ရှိသူများက ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ဤသို့ ကွင်းဆင်း စစ်ဆေးကြသည်။ (မြန်မာ့အလင်း)

မြို့တွင်းခရီးသည်များအား ပို့ဆောင်ပေးရန် အသင့်ရပ်နားထားသော တော်ဝင်သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှယာဉ်များကို ဘောဂသီရိ ယာဉ်ရပ်နားစခန်း၌ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ်လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၁၃

ညောင်ရွှေမြို့ သာယာလှပရေးဆောင်ရွက်

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ရက်က မြို့အဝင်ဗိုလ်ချုပ်ပန်းခြံအတွင်း ပေါင်းမြက်များရှင်းလင်းခြင်းနှင့် စိုက်ပျိုးထားသောပန်းအလှပင်များ ပြုပြင်ခြင်းတို့ကို အမှုဆောင်အရာရှိ ဦးလင်းထွဋ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သည်။ (၀၂၁)

ဟဲဟိုးရေစုကန် အမှုဆောင်အရာရှိ စစ်ဆေး

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် ဟဲဟိုး ဂါလန် ၃၀၀၀၀ဆံ့ ရေစုကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေစက်ရုံကို မတ် ၅ရက်က အမှုဆောင်အရာရှိ ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စလောင်းပေးအပ်လှူဒါန်းပွဲ ဖလမ်း၌ကျင်းပ

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပေးအပ်လှူဒါန်းသော ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် စလောင်းပေးအပ်ပွဲကို ဖလမ်းမြို့နယ် လေးလက်ကျေးရွာစာကြည့်တိုက်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၁နာရီကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးမိုးမြင့်ထွန်းနှင့် မြို့နယ်အတွင်းရေးမှူး ဦးရွှန်အဲင်းလျန်တို့က ကျေးရွာဥက္ကဋ္ဌဦးဇိုးလျန်ထံ ရုပ်မြင်သံကြားပြစက်နှင့် စလောင်းတို့ကိုလွှဲအပ်သည်။ (ခရိုင် ပြန်/ဆက်)

ဖားကန့်၌ မြို့သန့်ရှင်းရေးဆောင်ရွက်

ဖားကန့်မြို့ သန့်ရှင်းသပ်ရပ်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ မတ် ၃ရက်က ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သော ဝန်ထမ်းများ မြို့မရပ်ကွက်အတွင်း ကလပ်ကုန်းလမ်းနှင့် အဝိုင်းပတ်လမ်းတစ်လျှောက် မြက်ပင်များ ရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးသည်။ **(မြို့နယ်စည်ပင်)**

ဇီဝိတဒါနဆေးလှူဒါန်းပွဲ ဗန်းမော်၌ကျင်းပ

ဗန်းမော်ခရိုင် တိုင်းရင်းဆေးကုဌာနမှူးကြီးမှူး၍ ဇီဝိတဒါနဆေးလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁ရက် နံနက် ၉နာရီက ဗန်းမော်မြို့ ရွှေကျီးနားဘုရားပွဲတော်ဝင်းအတွင်း၌ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ဗန်းမော်ခရိုင်နှင့် မြို့နယ်အသင်းခွဲအမှုဆောင်များက ငွေကျပ် ၁၂၀၀၀၀တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို ပေးအပ်လှူဒါန်းရာ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းညွန့်က လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

နွားထိုးကြီးမြို့နယ်လုံးကျွတ် စုပေါင်းသန့်ရှင်း

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် နွားထိုးကြီးမြို့နယ်လုံးကျွတ် (တနင်္ဂနွေနေ့) သန့်ရှင်းရေး ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၈ရက်က ဌာနဆိုင်ရာ ၃၇ဌာန၊ ရပ်ကွက် ရှစ်ရပ်ကွက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညာဏ်မျိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကံချွန်နှင့် တာဝန်ရှိသူများက ကြီးကြပ်ပေးကြသည်။ (၀၉၂)

မိုးမောက်၌ တက်နေလင်း ကျေးလက်စာကြည့်တိုက်ဖွင့်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် မိုးမောက်မြို့နယ် စီကော်အုပ်စု ဟသာ်ကျေးရွာ၌ မတ် ၉ရက် မွန်းလွဲ ၂နာရီက တက်နေလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်လွန်းနန်းထွေးနှင့်ကျေးရွာဥက္ကဋ္ဌ ဦးမျိုးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရှားမြို့နယ်၌ ရေပိုက်လိုင်းသစ် သွယ်တန်း

ရှားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြရေပေးရေး၊ မြနန္ဒာရေကန်မှ ရေပိုက်လိုင်းအသစ် သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

တီးတိန်မြို့မဈေး၌ ယင်လုံဆန်ခါဖြင့်ရောင်းချ

ချင်းပြည်နယ် တီးတိန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝုန့်ပြင်းထန်နှင့် (အခွန်ကောက်-၅/ဈေး) ဦးကိုင်းခန့်တွောင်တို့ ဦးဆောင်သော အဖွဲ့ဝန်ထမ်းများသည် မြို့မဈေးအရောင်းဆိုင်တွင် အလေးချိန်ပြည့်မပြည့်နှင့် ယင်လုံဆန်ခါဖြင့် အသားရောင်းချမှုကို စစ်ဆေးဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တားမြစ်နည်းဖြင့် ငါးမဖမ်းရေး သာယာဝတီ၌ပညာပေး

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ငါး၊ ပုစွန် ထုတ်လုပ်မှုတိုးတက်စေရေးနှင့် ငါးသယံဇာတများ မျိုးပြုန်းတီးမှုမဖြစ်စေရေး၊ တားမြစ်ထားသောနည်းလမ်းများဖြင့် ငါးဖမ်းဆီးခြင်းမပြုရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ၉ရက် မွန်းလွဲ ၁နာရီက စံရွေးကျေးရွာ အထကကျောင်း၌ကျင်းပရာ ဒေသခံ ငါးလုပ်ငန်းရှင်များအား ငါးလုပ်ငန်းခရိုင်ဦးစီးဌာနမှူး ဦးစိန်မြင့်က ငါး၊ ပုစွန် ထုတ်လုပ်မှုကို လျှော့နည်းစေပြီး ငါးမျိုးပြုန်းတီးမှုကိုဖြစ်စေသည့်အကြောင်းရင်းများကို ပညာပေး ဟောပြောသည်။ **(ခရိုင် ပြန်/ဆက်)**

14-3 (06).pmd 1 3/14/2010, 2:15 AM

တက်ရောက်အားပေး

မတ် ၁၂ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော် လယ်ဝေး ဖောင်တော်ချက်မဘုရားလမ်း၊ ရုံးလမ်းနှင့် ကန်စွယ်လမ်း ကတ္တရာလမ်း သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (သတင်း-စာ ၂) (သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဖျော်ဖြေခဲ့

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဟာ အခု ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုလည်း ပြီးခဲ့တဲ့ ပြိုင်ပွဲတွေတုန်းကလိုပဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ဖျော်ဖြေရေးအစီအစဉ်တွေနဲ့အတူ စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ဩရသ၊ သဇင်၊ ဝိုင်းစုခိုင်သိန်း၊ စန္ဒီမြင့်လွင်၊ Jenny အစရှိသည့် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပါတယ်။

အားပေးရကျိုးနပ်

အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမယ့် အသင်းများမှာလည်း အိမ်ရှင်ရတနာပုံအသင်းနဲ့ အိမ်နီးချင်းအသင်းဖြစ်သည့် စစ်ကိုင်းတိုင်းကိုယ်စားပြု ဧယျာရွှေမြေအသင်းဖြစ်နေရာ ပရိသတ်များ ဗထူးကွင်းအတွင်း တိုးမပေါက်အောင် ဖြစ်ခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းအတွင်းက ပရိသတ်တွေကတော့ ကားကြီး၊ ကားငယ် အသွယ်သွယ်နဲ့ လာရောက်အားပေးခဲ့ကြပြီး ဧယျာရွှေမြေအသင်းကလည်း ခြေစွမ်းပြပြီး အနိုင်ရခဲ့တာကြောင့် အားပေးရကျိုးနပ်ခဲ့ရပါတယ်။

လိုက်လံနှုတ်ဆက်

ဖျော်ဖြေရေးအစီအစဉ်တွေ အပြီးမှာ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြမယ့် ရတနာပုံအသင်းနဲ့ ဧယျာရွှေမြေအသင်းတို့ ကွင်းအတွင်း နေရာယူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းနှင့် ဧယျာရွှေမြေအသင်းဥက္ကဋ္ဌ ဦးသူရိန်တို့က လိုက်လံနှုတ်ဆက်ခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ကံစမ်းမဲပါတဲ့ ဘောလုံးတွေကို နှစ်ဖက်ဘောလုံးသမားတွေက ပရိသတ်ဆီ ကန်တင်ပေးကြပါတယ်။

ဧယျာရွှေမြေ - သုံးဂိုး
ရတနာပုံ - ဂိုးမရှိ

ပြီးခဲ့တဲ့ပြိုင်ပွဲတွေမှာ ထင်သလောက် အောင်မြင်မှုမရခဲ့တဲ့ ဧယျာရွှေမြေအသင်းကတော့ အခုပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ ဂိုးပြတ် အားနည်းသွားစေခဲ့ပါတယ်။ ပွဲအစ မိနစ်၂၀ လောက် ဧယျာရွှေမြေဘက်ကို ရတနာပုံ ဖိကစားနိုင်ခဲ့ပြီး ခင်မောင်ထွန်း၊ ပိုင်စိုးတို့ အပိုင်အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တာကတော့ ပွဲကို အလှည့်အပြောင်း ဖြစ်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဧယျာရွှေမြေက ကစားကွက် ပြန်မိလာပြီး အချိတ်အဆက်မိမိနဲ့ ထိုးဖောက်နိုင်ခဲ့ပါတယ်။ ကွင်းလယ်ပိုင်း အသာရသွားတဲ့ ဧယျာရွှေမြေအသင်းဟာ ပွဲကို စိုးမိုးသွားပြီး ပထမပိုင်းပြီးခါနီးမှာ ဆီဒ္ဒင်

ရတနာပုံအသင်းမှ အောင်ကျော်မိုး၏ ထိုးဖောက်မှုကို ဧယျာရွှေမြေ နောက်ခံလူနှစ်ဦး ဟန့်တားစဉ်။ (မြန်မာ့အလင်း)

ကစားသမား အလက်ဇန္ဒားက ဧယျာရွှေမြေအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့ပါတယ်။

ဒုတိယပိုင်း

ရတနာပုံအသင်းဟာ ချေပဂိုးရဖို့ ဒုတိယပိုင်းအစမှာ ထွန်းထွန်းဝင်းကိုထည့်ပြီး တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ ဒါပေမယ့် ဧယျာရွှေမြေနောက်တန်း အမှားမရှိခဲ့သလို ဂိုးသမား ညီညီလွင်ကလည်း လက်စွမ်းပြနေတာကြောင့် ရတနာပုံ ထင်တိုင်းမပေါက် ဖြစ်ခဲ့ရပါတယ်။ ဧယျာရွှေမြေရဲ့ အခုပွဲကစားပုံကတော့ ချီးကျူး

တတိယဂိုးသွင်းယူအပြီး ဧယျာရွှေမြေကစားသမားများ အောင်ပွဲခံနေစဉ်။ (မြန်မာ့အလင်း)

သွင်းပြီး တာထွက်လှခဲ့ပါတယ်။ အခု ပြိုင်ပွဲမစတင်မီမှာ ပြင်ဆင်မှုတွေ သေချာ ပြုလုပ်ထားတဲ့ ဧယျာရွှေမြေအသင်းကတော့ ခြေစွမ်းပြ ကစားသွားပြီး ပွဲဦးထွက် အမှတ်ပြည့် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။ ကွင်းလယ်မှာ ဆီဒ္ဒင်ကစားသမားတွေဖြစ်တဲ့ အလက်ဇန္ဒားနဲ့ အယ်လ်ဗာဂို၊ ရာဇာဝင်းသိန်းတို့ ခြေစွမ်းပြကစားနိုင်ခဲ့သလို တောင်ကိုရီးယား ကစားသမား နှစ်ဦးကလည်း ရှေ့မှာ ခြေစွမ်းပြကစားနိုင်ခဲ့ကြလို့ ဧယျာရွှေမြေ အနိုင်ရခဲ့တယ်ဆိုရင် မမှားပါဘူး။

အဖွင့်ဂိုးစတင်သွင်းယူ

MNL ပြိုင်ပွဲ နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲထားတဲ့ ရတနာပုံအသင်းကတော့ အခုပြိုင်ပွဲမှာ ခြေစွမ်းပြကစားနိုင်ခြင်းမရှိခဲ့ပါဘူး။ အသစ်ခေါ်ယူထားတဲ့ အင်္ဂါနာမှ ခြေစွမ်းပြကစားနိုင်ခဲ့ပေမယ့် ရှေ့မှာ အတွဲမမိခဲ့သလို အမာခံကစားသမားတွေဖြစ်တဲ့ ကမ်ဘူး၊ ကိုနေးနဲ့ ရန်ပိုင်တို့ ဒဏ်ရာတွေ ရသွားကြတာကတော့ အသင်းကို ရမှာဖြစ်ပြီး ဒုတိယပိုင်းမှာလည်း အမှားမရှိခဲ့ပါဘူး။ ဧယျာရွှေမြေအသင်းအတွက် အနိုင်ဂိုးတွေကို ၅၆မိနစ်မှာ တောင်ကိုရီးယားကစားသမား ကင်ကျူဂျွန်က ပညာသားပါပါ သွင်းယူခဲ့ပြီး တတိယဂိုးကတော့ ၈၅မိနစ်မှာ ရာဇာဝင်းသိန်း ဖန်တီးပေးတာကနေ ကျော်ဇင်ဝင်းက သွင်းယူခဲ့တာဖြစ်ပါတယ်။

ပွဲဦးထွက် ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ရတဲ့ ရတနာပုံအသင်းကတော့ အသင်းသက်တမ်းတစ်လျှောက် ပထမဦးဆုံး အကြီးမားဆုံး အရှုံးရလဒ် ဖြစ်ခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

ယနေ့ပွဲ

မွန်းလွဲ ၂ နာရီ
(သုဝဏ္ဏကွင်း)
ရန်ကုန်ယူနိုက်တက် - ကမ္ဘောဇ

ညနေ ၄ နာရီ
(ဗထူးကွင်း)
ဇွဲကပင်ယူနိုက်တက်-မကွေးအသင်း

ပရိသတ်အတွက် ချန်ပီယံဆုရရှိရန်ကြိုးပမ်းမည့် ရန်ကုန်ယူနိုက်တက် F.C

၂၀၁၀ MNL ပြိုင်ပွဲဝင်အသင်းများအကြောင်း တစေ့တစောင်း

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ညီညီစိုးညွန့် ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၃

ကျင်းပပြီးစီးခဲ့သည့် ၂၀၀၉ MNL Cup ပြိုင်ပွဲမှာရော MNL အမှတ်ပေးပြိုင်ပွဲမှာပါ ရန်ကုန်ယူနိုက်တက်အသင်းသည် ဗိုလ်စွဲနိုင်သည့် ခြေစွမ်းမျိုး ပိုင်ဆိုင်ခဲ့သော်လည်း MNL Cup ဗိုလ်လုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ရခြင်း၊ အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့တွင် ရလဒ်ကောင်းများ ဆက်တိုက်ရရှိခဲ့သော်လည်း ပထမအကျော့တွင် ဒဏ်ရာရကစားသမားများပြားခြင်း၊ နိုင်ငံခြားသားများ ခြေစွမ်းမပြနိုင်ခြင်းတို့ကြောင့် ရမှတ်များဆုံးရှုံးခဲ့ရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် အဆင့်(၄)နေရာဖြင့်သာ ကျေနပ်ခဲ့ရရာ ရန်ကုန်အသင်းပရိသတ်များ နှမြောတသ ရှိနေကြဆဲပင်....။

ခေါ်ယူရန်ကမ်းလှမ်း

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ပရိသတ်များ၏ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်ထားသည်။ အသင်း၏ လိုအပ်သောနေရာများကို အားဖြည့်ရန်အတွက် ပြည်တွင်းနာမည်ကြီး ကစားသမားများကိုခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပြီး အပြောင်းအရွှေ့ဈေးကွက် ပိတ်ခါနီးတွင် မြန်မာ့လက်ရွေးစင်အသင်း ကွင်းလယ်လူ မကွေးအသင်းမှ ဇော်ထက်

၂၀၁၀ MNL ပြိုင်ပွဲအတွက် အသစ်ခေါ်ယူထားသော နိုင်ငံခြားသား ကစားသမားများနှင့် ပြည်တွင်းကစားသမားများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

အောင်ကို ပြောင်းရွှေ့ကြေး ငွေကျပ်သိန်း ၁၂၀ဖြင့် ခေါ်ယူနိုင်ခဲ့သည်။ နိုင်ငံခြားသား ကစားသမားများကိုလည်း လာမည့်ပြိုင်ပွဲအတွက် အပြောင်းအလဲ ပြုလုပ်ထားခဲ့ပြီး ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲတွင် အသုံးပြုခဲ့သည့် ကစားသမားများထဲမှ ဂါနာနောက်ခံလူ ဟန်ဆန်တစ်ဦးတည်းသာ ကျန်ရှိတော့သည်။ ထိုင်းပရီမီယာလိဂ် ကလပ် ချောင်ဘူရီအသင်းမှ အငှားဖြင့် ရောက်ရှိလာသည့် တိုက်စစ်မှူးကိုနေးမှာ ထိုင်းကလပ် မြောင်တောင်အသင်းသို့ ပြောင်းရွှေ့သွားခဲ့သလို အခြားကစားသမားများဖြစ်သည့် ဘမ်ဘာ၊ ဖရန့်ကလင်းနှင့် ဂေးလ်ဒက်စ်တို့ကို စာချုပ်သက်တမ်း မတိုးခဲ့ပေ။ ယင်းကစားသမားများနေရာတွင် ပြီးခဲ့သည့်ပြိုင်ပွဲကတည်းက အသင်း၌ စမ်းသပ်လေ့ကျင့်နေသည့် ဘရာဇီး ကွင်းလယ် ကစားသမားများဖြစ်သော အလက်ဇန်ဒရို၊ ဂျူလီယို၊ ဒေးဗစ်၊ ဂါနာ တိုက်စစ်မှူး အဲရစ်ဆာကီတို့ကို ပြန်လည် ခေါ်ယူထားသည်။

စာချုပ်တိုးမြှင့်

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲအတွက် ခေါ်ယူထားသော ကစားသမားသစ်များအား မိတ်ဆက်ပွဲအခမ်းအနားကို မတ် ၈ရက် ညနေပိုင်းက E.A ဟိုတယ်၌ ကျင်းပခဲ့ပြီး ပြည်တွင်းကစားသမားများဖြစ်သည့် ဇော်ထက်အောင်နှင့် ဇော်မျိုးထွန်း၊ နိုင်ငံခြားသား ကစားသမားများဖြစ်သည့် အဲရစ်ဆာကီ၊ ဒေးဗစ်၊ ဂျူလီယိုနှင့် အလက်ဇန်ဒရိုတို့ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက ကစားသမားသစ်များအား အသင်းအင်္ကျီများ ပေးအပ်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဇော်ထက်အောင်ကို တစ်လ လစာငွေကျပ် ၁၅သိန်း၊ ဇော်မျိုးထွန်းကို တစ်လ လစာငွေ ကျပ်၄၊သိန်းဖြင့် စာချုပ်နှစ်နှစ်စီ ချုပ်ဆိုခဲ့ပြီး ဘရာဇီးကစားသမားများဖြစ်သည့် ဂျူလီယို၊ ဒေးဗစ်နှင့် အလက်ဇန်ဒရိုတို့ကို ခြောက်လ၊ ဂါနာတိုက်စစ်မှူး အဲရစ်ဆာကီကို တစ်နှစ်စာချုပ်တို့ဖြင့် ခေါ်ယူခဲ့ခြင်းလည်း ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ။ (မြန်မာ့အလင်း)

၂၀၁၀ MNL ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများစွာ ပြုလုပ်နေသော ရန်ကုန်ယူနိုက်တက်အသင်း၏ ပြင်ဆင်မှုများကို အသင်းဥက္ကဋ္ဌဖြစ်သူ ဦးပြည့်ဖြိုးတေဇအား တွေ့ဆုံမေးမြန်းခဲ့ရာ-

"လာမယ့်ပြိုင်ပွဲမှာ အောင်မြင်မှုရရှိရန် ပြင်ဆင်မှုတွေ သေချာပြုလုပ်နေပါတယ်။ နိုင်ငံခြားသားတွေ ခေါ်ယူရာမှာလည်း အသင်းနည်းပြအဖွဲ့က အသင်းကစားကွက်၊ နည်းစနစ်ပိုင်းနဲ့ အံဝင်မယ့်သူကိုသာ ခေါ်ယူထားတာဖြစ်ပါတယ်။ ဂါနာတိုက်စစ်မှူး အဲရစ်ဆာကီဟာ ဂါနာယူ-၂၁ လူငယ်လက်ရွေးစင်ဟောင်းတစ်ဦးဖြစ်ပြီး မော်လ်ဒိုဗာကလပ်အသင်းတွေမှာ ကစားဖူးခဲ့သူဖြစ်ပါတယ်။ ဘရာဇီးကစားသမားတွေကတော့ အင်ဒိုနီးရှားနဲ့ ရိုမေးနီးယားကလပ်အသင်းတွေမှာ ကစားခဲ့သူတွေပါ။ အသင်းရဲ့ လက်ရှိ အနေအထားကိုတော့ ကျေနပ်မှုရှိပါတယ်။ အသစ်ခေါ်ထားတဲ့ တိုက်စစ်မှူး အဲရစ်ဆာကီဟာ ပြီးခဲ့တဲ့ ပြိုင်ပွဲမှာကစားခဲ့တဲ့ ကိုနေးလိုပဲ ဂိုးသွင်းနိုင်မယ့်သူဖြစ်သလို Team Work နဲ့ ကစားနိုင်မယ့်သူ ဖြစ်ပါတယ်။

စံချိန်တင်ရလဒ်

ပြီးခဲ့တဲ့ ပြိုင်ပွဲနှစ်ခုမှာ ကျွန်တော်တို့အသင်းဟာ အားပေးတဲ့ပရိသတ်တွေရဲ့ စိတ်ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့ပါဘူး။ MNL Cup ပြိုင်ပွဲမှာ ပယ်နယ်တီနဲ့ ရှုံးခဲ့ရသလို အမှတ်ပေးပြိုင်ပွဲမှာလည်း တာဝန်မကျေခဲ့ပါဘူး။ ပထမအကျော့အစမှာ မရှုံးသင့်တဲ့ပွဲတွေ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒုတိယအကျော့ခြေစွမ်းကတော့ ပရိသတ်တွေ ကျေနပ်မှုရှိမယ်လို့ ထင်ပါတယ်။ ခုနစ်ပွဲကစားရာမှာ ခြောက်ပွဲနိုင်ပြီး တစ်ပွဲသာ သရေကျခဲ့တဲ့ရလဒ်ဟာ စံချိန်တင်ရလဒ်တစ်ခုပဲ ဖြစ်ပါတယ်။ လက်ရှိ အုပ်ချုပ်မှုအဖွဲ့၊ နည်းပြအဖွဲ့နဲ့ကစားသမားတွေရဲ့ အနေအထားဟာ ပြီးခဲ့တဲ့ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ထက် ပိုမိုကောင်းမွန်တယ်လို့ ယုံကြည်ပါတယ်။ ခုပြိုင်ပွဲမှာ ပြိုင်ဘက် ၁၀သင်းစလုံးဟာ ကျွန်တော်တို့ရဲ့ အဓိကပြိုင်ဘက်တွေ ဖြစ်ပါတယ်။ ပွဲတိုင်းကို ဗိုလ်လုပွဲလို သဘောထားပြီး အနိုင်ရအောင် ကြိုးစားသွားမှာပါ။ အခုပြိုင်ပွဲမှာလည်း အသင်းပရိသတ်တွေအတွက် အင်္ကျီတွေ အခမဲ့ဝေပေးသွားမှာပါ။ မန္တလေးမှာ ကစားရမယ့် ရတနာပုံနဲ့ပွဲကိုလည်း ကြည့်ရှုအားပေးနိုင်အောင် မနှစ်ကလိုပဲ စီစဉ်ပေးသွားမှာပါ။ ပို့ဆောင်နေထိုင်စားသောက်မှုအားလုံးကို စီစဉ်ပေးသွားမှာဖြစ်ပြီး လုံခြုံမှုရှိအောင်လည်း ပြုလုပ်ပေးသွားမှာပါ။ ကျွန်တော်တို့အသင်းကို အားပေးနေတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ မနှစ်က အသင်းရှုံးပွဲတွေ ကြုံတွေ့နေရချိန်မှာတောင် အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို မမေ့ပါဘူး။ အဲဒါကြောင့် လာမယ့်ပြိုင်ပွဲမှာ ဗိုလ်စွဲဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ။ ချန်ပီယံဖြစ်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ကြိုးစားပြင်ဆင်လျက်ရှိ

"ရန်ကုန်" "ရန်ကုန်" ဟူသော ပရိသတ်တို့၏ တစ်ခဲနက် အားပေးမှုနှင့်အတူ ၂၀၁၀ MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း အောင်ပွဲခံနိုင်ရန် ကြိုးစားပြင်ဆင်ထားပါကြောင်း။ ။ **(မြန်မာ့အလင်း)**

14-3 (07).pmd 1 3/14/2010, 2:15 AM

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်း လေးထောင့်ကန်လမ်း ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးဖွင့်

ရန်ကုန် မတ် ၁၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီး ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် အဆိုပါလမ်းထိပ်ရှိ မုခ်ဦး၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် လမ်းတစ်လျှောက်ကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် တောင်ဥက္ကလာပ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြကာ အမှတ်(၁၀) ရပ်ကွက် (၂၄)လမ်း ကွန်ကရစ်လမ်းခင်းနေမှုကိုလည်းကောင်း၊ အဘယသကြိန်လမ်းနှင့် ရွှေပြည်စိုးလမ်းတစ်လျှောက်တို့၌ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်နေမှု၊ ခြင်ဆေးဖျန်းဆောင်ရွက်နေမှု၊ ကျန်းမာရေး အသိပညာပေး ဟောပြောနေမှုနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်း ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးတစ်လျှောက် ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mohammad Ali Fathollahi ခေါင်းဆောင်သော အီရန်ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။ (နိုင်ငံခြားရေး)

ဒုတိယဝန်ကြီး ဦးမောင်မြင့် အီရန်နိုင်ငံမှ ပြန်လည်ရောက်ရှိ
နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်

နေပြည်တော် မတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mohammad Ali Fathollahi ၏ ဖိတ်ကြားချက်အရ မတ် ၈ရက်မှ ၁၁ရက်အထိ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ကျင်းပ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mohammad Ali Fathollahi ခေါင်းဆောင်သည့် အီရန်ကိုယ်စားလှယ်အဖွဲ့တို့သည် မတ် ၉ရက် နံနက်ပိုင်းတွင် တီဟီရန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံ ဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပခဲ့သည်။

အမြင်ချင်းဖလှယ်

ယင်းဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများသည် မြန်မာ-အီရန် နှစ်နိုင်ငံ ချစ်ကြည်မှုနှင့် ဆက်ဆံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေး၊ ကုလသမဂ္ဂ အပါအဝင် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင်ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးနှင့် အခြား နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ်တွင် ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

တွေ့ဆုံ

ဆွေးနွေးပွဲအပြီးတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Manochehr Mottaki အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ဆက်ဆံမှု တိုးမြှင့်ရေး ကိစ္စများအပေါ် ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၌ နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ရေနံဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.H.Noghrehkar Shirazi အားလည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Mostafa Sarmadi အားလည်းကောင်း သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေး အမြင်ချင်း ဖလှယ်ခဲ့သည်။

ဆွေးနွေး

ထို့အပြင် ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အီရန်ကုန်သည်ကြီးများ၊ စက်မှုနှင့် သတ္တုတွင်းလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ Dr.Mehdi Fakheri အား ၎င်း၏ရုံးခန်းသို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာစက်မှုပြပွဲ၌ UPG သဘော်ဆေး ပါဝင်ပြသခဲ့

ရန်ကုန် မတ် ၁၃

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၅ရက်မှ ၇ရက်အထိ ကျင်းပခဲ့သည့် မြန်မာစက်မှုပြပွဲ ၂၀၁၀တွင် UPG သဘော်ဆေးက ပါဝင်ပြသခဲ့ကြောင်း သိရသည်။

ပါဝင်

UPGသည် ISO 9001:2008၊ ISO 14001:2004 ၊ OHSAS 18001: 2007 တို့အပြင် RC (Responsible Care Management System) Logo သုံးစွဲခွင့်ကိုပါ ရရှိထားပြီး သုတ်ဆေးလုပ်ငန်းနယ်ပယ်တွင် ဦးဆောင်ကုမ္ပဏီဖြစ်ကြောင်း၊ ယခုပြပွဲတွင် ခေတ်မီစက်ပစ္စည်းများနှင့် နည်းပညာသုံး စက်ရုံမြင်ကွင်း ပြကွက်များ၊ နေအိမ်ခန်းတွင်းပြကွက်များ၊ UPG ထုတ်ကုန်ပစ္စည်းအမျိုးမျိုးနှင့် ကွန်ပျူတာဖြင့် အလိုအလျောက် အရောင်ရောစပ်သည့်စနစ် (Computerized Tinting System) အသုံးပြုနိုင်သည့် နိုင်ငံတကာသုံး Tinting Machine ဖြင့် လက်တွေ့ဖော်စပ်ပြသမှုများ ပါဝင်ခဲ့ကြောင်း သိရသည်။

နူးညံ့ချောမွတ်

UPG ထုတ်ကုန် Prealier အမှတ်တံဆိပ်သည် ဈေးကွက်တွင် ရောင်းအားအများဆုံးဖြစ်ပြီး ရာသီဥတုဒဏ်ခံ အပြင်သုံး Weathershield၊ အတွင်းနံရံများအား ပိုးသားကဲ့သို့ နူးညံ့ချောမွတ်စေသည့် Vinyl Silk နှင့် အတွင်းနံရံများကို ဂန္ထဝင်ဆန်ဆန် လှပစေသည့် Super Unilite 5000 ဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း သိရသည်။

UPG သည် Star Electronics၊ Chemical Engineering Co., Op Ltd.၊ Myanmar Lighting Manufacturing Co., Ltd.၊ Soe Electric & Machinery Co., Ltd.၊ Nibban၊ United Pacific Co., Ltd.၊ စူပရင်းကုမ္ပဏီများအုပ်စုနှင့် Tokyo Pipe တို့နှင့်အတူ ဤပြပွဲကို အဓိက Sponsor ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

စိန်လုံရိပ်သာ၊ စီတာပူရပ်ကွက်၊ ရောင်စဉ်...

သတင်းဆောင်းပါး-တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်...

မြန်မာပြည်မြောက်ပိုင်းက မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ ပြည်နယ်အဆ... ကားငယ်များဖြင့် ကုန်ရောင်းကုန်ဝယ် စည်ကားသော မြို့တစ်မြို့ဖြစ်သည်။ ရောဝတီမြ... သာယာလှပသော မြို့တစ်မြို့ ဖြစ်လေသည်။

မပြန်ချင်အောင်ဆွဲဆောင်

သဘာဝက ဖန်တီးပေးထားသော အလှအပနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ အလှဆင် ပြုပြင်မှုတို့ကို

မြစ်ကြီးနားမြို့အဝင်မှ "လှိုက်လှဲစွာ ကြို... မြို့အဝင်လမ်းမကြီးကို တွေ့ရစဉ်။

ပေါင်းစပ်လိုက်သောအခါ မြစ်ကြီးနားမြို့သည် ခရီးသွားဧည့်သည်များကို မပြန်ချင်အောင် ဆွဲဆောင်ထားနိုင်လေသည်။

ဇန်နဝါရီလသည် ကချင်ပြည်နယ်အတွင်း အအေးပိုသော လတစ်လဖြစ်ရာ မြစ်ကြီးနားမြို့တွင် ညဉ့်နက်သန်းခေါင်ကျော်မှ နေထွက်ပြူလာသည်အထိ ဆီးနှင်းများ ဝေ့ဝဲကျဆင်းနေပြီး နံနက် ၉နာရီကျော်မှသာ နှင်းကွဲသွားလေသည်။ ဆောင်းရက်များ ကုန်ဆုံးရန် လပိုင်းမျှ လိုသေးသော်လည်း တစ်ရက်တွင် မထင်မှတ်ဘဲ မိုးသားတိမ်လိပ်များအုံ့မှိုင်းပြီး မိုးသီးမိုးပေါက်များ ကျဆင်းလာရာ အိပ်ရာမှပင် လန့်နိုးခဲ့ရသည်။ နံနက်တိုင်း ထိုင်နေကျ Morning Star လက်ဖက်ရည်ဆိုင်ကလေးမှ စိန်လုံရိပ်သာသို့ အပြန်တွင် မိုးရေထဲ အသော့နှင်ခဲ့ရသည့် တစ်ခုသော နံနက်ခင်းကိုလည်း အမှတ်တရ ရှိနေဆဲပင်။

လီဆူးတိုင်းရင်းသား ဦးဒေးဗစ်ဖစ်ရှ၏ စီစဉ်ပေးမှုဖြင့် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၉) ဇီးလွန်း(၂) အမှတ် ၁၄၇၌ လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်ရက်လုပ်မှုကိုလည်း လေ့လာခွင့်ရခဲ့သည်။ လီဆူးတိုင်းရင်းသူ မအလေးမီ၏ လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်ရက်လုပ်မှုကို အနီးကပ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**နမောတဿ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	ဗီဒီယိုပြခန်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၉)
၈:၃၀	Sports World (Sunday Special)
၈:၅၅	ဆားတောင်မြေမှာ ပီတိဖြစ်ဖွယ်ရာ သီတဂူပြပွဲယှဉ်ဆေးရုံ အလှူမင်္ဂလာ
၉:၀၅	Activities in The City (ဥပဒေပညာ အာစရိယပူဇော်ပွဲ)
၉:၁၅	ကျေးဇူးဆပ်ရန်ရည်သန် စွယ်တော်မြတ်ဇေကန်
၉:၃၅	Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
၁၀:၃၀	မွေးရန့်တို့ဖြင့်ထုံမွှမ်းအပ်သော
၁၀:၅၀	ပင်လယ်ပြင်ကိုသက်သေတည် ငွေကြယ်ပွင့်များအားမာန်ချီ
၁၁:၃၀	ဈေးဝယ်လမ်းညွှန် (Mr. Kyi & K Antique & Decorative Art)
၁၂:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၂)
၁၂:၃၅	ကျေးဇူးဆပ်ရန်ရည်သန် စွယ်တော်မြတ်ဇေကန်
၁:၀၀	**နမောတဿ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ငယ်မူပြန်တာ ကောင်းတယ်၊ ငယ်မူမပြန်တာ ကောင်းတယ်)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၉)
၄:၂၀	Activities in The City (ဥပဒေပညာ အာစရိယပူဇော်ပွဲ)
၄:၃၅	မွေးရန့်တို့ဖြင့်ထုံမွှမ်းအပ်သော
၄:၄၅	ရာဇဝင်မြစ်ကမ်းပေါ်မှ… နားခိုရာ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Milestones of Contenporary Music Selection
၆:၅၀	ရန်ကုန်မြင်ကွင်းကျယ် (ပထမအကြိမ်ကျင်းပသည့် အစာအိမ်အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့၏ ဆေးပညာ နှီးနှောဖလှယ်ပွဲ)
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ငယ်မူပြန်တာကောင်းတယ်၊ ငယ်မူမပြန်တာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၉)
၁၀:၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၂)
၁၀:၂၅	Barclays Premier League **(Sunderland Vs Man City)**
၁၂:၁၅	ဆားတောင်မြေမှာ ပီတိဖြစ်ဖွယ်ရာ သီတဂူပြပွဲယှဉ်ဆေးရုံ အလှူမင်္ဂလာ

MRTV-4 အစီအစဉ်ကို ... ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွ... ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်း... မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွ... UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှု...

Barclays Premier League ဘော...

ညပိုင်း	ပွဲစဉ်
၇:၅၅	**Man U- Fulham**
၁၀:၂၅	**Sunderland- Man City**

...၊ စီတာပူရပ်ကွက်၊ ရောင်စဉ်ကွန်ပျူတာနှင့် မမေ့နိုင်သော မြစ်ကြီးနားနေ့ရက်များ

...ဆောင်းပါး-တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း-မောင်ပြုံးမြင့်(ဘီလူးမြို့) ➤ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၃

...င်းက မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ ပြည်နယ်အဆင့်ရုံးစိုက်ရာ မြို့တော်ဖြစ်သည်နှင့်အညီ လူဦးရေထူထပ်ပြီး ခေတ်မီတိုက်တာ အဆောက်အအုံများ၊ ကားကြီး ...င်းကုန်ဝယ် စည်ကားသော မြို့တစ်မြို့ဖြစ်သည်။ ဧရာဝတီမြစ်ကမ်းဘေး၌တည်ရှိပြီး မြို့တွင်းလမ်းများ၏ လမ်းလယ်ကျွန်းများတွင် ရာသီပန်းပင်များ စိုက်ပျိုးထားသဖြင့် ...မြို့ ဖြစ်လေသည်။

တစ်ရက်တွင် မထင်မှတ်ဘဲ မိုးသား တိမ်လိပ်များအုံ့မှိုင်းပြီး မိုးသီးမိုးပေါက်များ ကျဆင်းလာရာ အိပ်ရာမှပင် လန့်နိုးခဲ့ရသည်။ နံနက်တိုင်း ထိုင်နေကျ Morning Star လက်ဖက်ရည်ဆိုင် ကြည့်ရှုခွင့်ရသောအခါ အရောင်အသွေးစုံလှသော လီဆူးရိုးရာ လွယ်အိတ် တစ်လုံးရရှိရန် အဘယ်မျှ လက်ဝင်သည်။ အဘယ်မျှ စိတ်ရှည်ရသည်ကို သဘောပေါက်ရပေသည်။

မြစ်ကြီးနားမြို့အဝင်မှ "လှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုင်းဘုတ်နှင့် မြို့အဝင်လမ်းမကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ကလေးမှ စိန်လုံရိပ်သာသို့ အပြန်တွင် မိုးရေထဲ အသော့နှင်ခဲ့ရသည့် တစ်ခုသော နံနက်ခင်းကိုလည်း အမှတ်တရ ရှိနေဆဲပင်။

လီဆူးတိုင်းရင်းသား ဦးဒေးဗစ်ဖစ်ရှ်၏ စီစဉ်ပေးမှုဖြင့် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် နယ်မြေ(၉) ဇီးလွန်း(၂) အမှတ် ၁၄၇၃၌ လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်ရက်လုပ်မှုကိုလည်း လေ့လာခွင့်ရခဲ့သည်။ လီဆူးတိုင်းရင်းသူ မအလေးမီ၏ လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်ရက်လုပ်မှုကို အနီးကပ်

အသက်(၂၂)နှစ်အရွယ် လီဆူးတိုင်းရင်းသူ မအလေးမီသည် မြစ်ကြီးနား တက္ကသိုလ်၌ ပထဝီအထူးပြုဘာသာတွဲဖြင့် ဒုတိယနှစ်တွင် တက်ရောက်သင်ကြားနေသူဖြစ်သည်။ တက္ကသိုလ်ကျောင်းသူတစ်ဦး ဖြစ်သော်လည်း အားလပ်ချိန်တွင် လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်နှင့် အဝတ်အထည်များ ရက်လုပ်လေ့ရှိသူ မအလေးမီ၏ ကြိုးစားမှုကို ချီးကျူးမိသည်။

အလွမ်းပို့ရ

ဦးဒေးဗစ်ဖစ်ရှ် လက်ဆောင်ပေးလိုက်သော လီဆူးရိုးရာ လက်ခုတ်လွယ်အိတ်လေးကို သတင်းခရီးသည်၏ နေအိမ်ဧည့်ခန်း၌ ချိတ်ဆွဲထားရာ လွယ်အိတ်လေးကို မြင်တိုင်း မြစ်ကြီးနားမြို့ကို အလွမ်းပို့ရလေသည်။ လီဆူးတိုင်းရင်းသားတို့သည် အလွန်ရင်းနှီးခင်မင်သော မိတ်ဆွေများကိုသာ လီဆူးရိုးရာလွယ်အိတ် လက်ဆောင်ပေးလေ့ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အင်ဂျင်နီယာ ဦးမျိုးအေးလွင်၏ ခေါင်းဆောင်မှုဖြင့် မြစ်ကြီးနားမြို့တွင်းလမ်းများ၏ လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များ ပြုစုပျိုးထောင် စိုက်ပျိုးထားမှု

ဧရာဝတီ မြစ်ကမ်းနားက သစ်သီးဈေးတွင် လိမ္မော်သီးများ ပုံတိုက် ရောင်းချနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အခြေအနေကို လှည့်လည်ကြည့်ရှုလေ့လာဖြစ်သည်။

ပြုစုပျိုးထောင်

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် လမ်းလယ်ကျွန်းပေါင်း ၁၆၃ခု စုစုပေါင်းအရှည် ကိုးမိုင်ကို သာယာလှပစေရေးအတွက် လုပ်သားအင်အား ၄၅ဦးဖြင့် ရာသီပန်းမန်များ ပြုစုပျိုးထောင် စိုက်ပျိုးထားရှိသည်။ ထို့အပြင် အဓိက လမ်းမကြီးများ၌ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ရေပေးဝေရေးအတွက် စိမ့်စမ်းရေသွယ်ခြင်းဖြင့် ရေစင်မှတစ်ဆင့် ရေစုပ်၍ ဖြန့်ဝေပေးသည်။

ဈေးနှုန်းချိုသာလှ

မြစ်ကြီးနားမြို့ စည်ပင်သာယာဈေး အမှတ်(၁)နှင့် အမှတ်(၂)ကိုလည်း အချိန်ယူ၍ လေ့လာဖြစ်သည်။ မြစ်ကြီးနားမြို့ ဈေးကြီးအတွင်း တစ်နေ့လုံးလိုလို ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ ဧရာဝတီမြစ်ကမ်းနားမှ သစ်သီးဈေးကလည်း ရာသီပေါ် သစ်သီးများကို လက်လီလက်ကား ရောင်းချပေး

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ နေ့စဉ်ထုတ် သ တင်း စာ များ အချိန်မီ ဖြန့်ချိနိုင်ရေးအတွက် ကိုယ်ပွား သတင်းစာတိုက်(မြစ်ကြီးနား)မှ တာဝန်ခံအရာရှိ ဦး ဇော် မင်း နှင့် ဝန် ထမ်း များ ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လျက်ရှိရာ လိမ္မော်သီးပေါ်ချိန်ဖြစ်၍ လတ်ဆတ်သော လိမ္မော်သီးများမှာ တောင်ပုံရာပုံဖြစ်နေသည်။ ပုံတိုက်ယူပါက လိမ္မော်သီးတစ်လုံးလျှင် ကျပ်ငွေ ၂၀ဖြင့် ရရှိနိုင်သည်ဖြစ်ရာ မြေပြန့်နှင့်စာလျှင် လွန်စွာမှ ဈေးနှုန်း ချိုသာလှပေသည်။ စည်ပင်သာယာဈေးကြီးအတွင်း ကချင်ရိုးရာ အဝတ်အထည်ဆိုင်များလည်းရှိရာ မခင်စိန် ကချင်ရိုးရာလုံချည်ဆိုင်တွင်လည်း ဝယ်ယူအားပေးသူများဖြင့် လက်မလည်အောင်ရှိလှသည်။

တင်ပို့ရောင်းချ

မြစ်ကြီးနားမြို့ စည်ပင်သာယာဈေးတာဝန်ခံ ဒေါ်ရွှယ်ဂျာက "မြစ်ကြီးနားမှာ အဓိကဈေး သုံးဈေးရှိပါတယ်။ အထက်ပိုင်းနယ်စပ်ပေါက်က ဝင်ရောက်လာတဲ့ ကုန်ပစ္စည်းတွေ၊ မန္တလေးမြို့က တင်ပို့ရောင်းချတဲ့ အခြေခံစားသောက်ကုန်တွေ၊ ဒေသထွက်သီးနှံနဲ့ အဝတ်အထည်တွေကို အဓိကရောင်းချကြပါတယ်"ဟု ပြောကြားသည်။

မြစ်ကြီးနားလေဆိပ် လေယာဉ်ပြေးလမ်း တိုးချဲ့မှုလုပ်ငန်းကိုလည်း သွားရောက် လေ့လာဖြစ်သည်။ မြစ်ကြီးနားလေဆိပ်မှ တာဝန်ခံအရာရှိ ဦးစောနွဲ့ကာဟိန်းဇေက မြစ်ကြီးနားလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းကို ပေ (၆၀၀၀×၁၀၀)မှ ပေ (၇၀၀၀×၁၀၀) ရရှိရန် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့များမှ မြစ်ကြီးနားမြို့သို့ မြန်မာ့လေကြောင်းနှင့် အဲပုဂံလေကြောင်းတို့က ပုံမှန်ပြေးဆွဲလျက်ရှိရာ ယခုအခါ လေယာဉ်ခရီးစဉ် နေ့စဉ်ရှိကြောင်း သိရသည်။ မြစ်ကြီးနားမြို့ ပမ္မတီးလေယာဉ်ကွင်းကို ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ပမ္မတီးလေယာဉ်ကွင်းကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆက်လက်ပြုပြင် ပြင်ဆင်၍ မြစ်ကြီးနားလေယာဉ်ကွင်းဟု အမည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

နေ့ချင်းဖတ်ရှုခွင့်ရ

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)နှင့် စိန်လုံရိပ်သာတို့မှာ မလှမ်းမကမ်း၌ တည်ရှိသောကြောင့် နံနက်ခင်းတိုင်း ရောက်ဖြစ်ခဲ့ပြီး မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို နေ့ချင်းဖတ်ရှုခွင့် ရရှိခဲ့လေသည်။

ကိုယ်ပွား သတင်းစာတိုက်(မြစ်ကြီးနား)မှ တာဝန်ခံအရာရှိ ဦးဇော်မင်း၊ ကြီးကြပ်ရေးမှူး ဦးတင်လှိုင်နှင့် ဝန်ထမ်းများသည် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ နေ့စဉ်ထုတ်သတင်းစာများ အချိန်မီ ဖြန့်ချိနိုင်ရေးနှင့် သတင်းစာ အရည်အသွေးကောင်းမွန်ရေးအတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ် မြင်တွေ့ခဲ့ရသည်။

သွားရောက်လေ့လာ

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်(ယခင်စီတာပူရွာ)မှ ကချင်ရိုးရာ မနောပွဲတော်ကျင်းပရာ မနောကွင်းသို့လည်း သွားရောက်လေ့လာ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့သည်။ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်မှ မနောကွင်းသည် ၁၉၄၆ခုနှစ်၌ ဂျပန်တို့အား အောင်မြင်စွာ တိုက်ထုတ်နိုင်သော အထိမ်းအမှတ်အဖြစ် ပဒန်မနောကျင်းပချိန်မှစ၍ သတ်မှတ်အသုံးပြုခဲ့ခြင်း ဖြစ်သည်။

(၆၂)နှစ်မြောက် ကချင်ပြည်နယ်နေ့ မနောပွဲတော်ကို ဇန်နဝါရီ ၅ရက်မှ ၁၀ရက်အထိ စီတာပူ မနောကွင်း၌ ကျင်းပခဲ့ရာ အထူးစည်ကားလှကြောင်း သိရသည်။ မြစ်ကြီးနားမြို့သို့ ငါးရက်ခန့်သာ ကြိုရောက်ခဲ့ပါက မနောပွဲတော်ကို ကိုယ်တိုင်ပါဝင် ဆင်နွှဲခွင့်ရမည်ဖြစ်သည်။ ကပ်လွဲခဲ့ရခြင်းအတွက် မချင့်မရဲ ဖြစ်ခဲ့ရသည်။

ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ ကချင်ပြည်နယ်အတွင်း ပါဝင်သော မြစ်ကြီးနား-အကျဲ-ဆင်ဘို-မြို့လှအပိုင်းကို နမ္မတီးကျေးရွာမှ အပြန်တွင် အကျဲလမ်းဆုံမှ ဟိုကပ်ကျေးရွာအထိ ခရီးတစ်ထောက် ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။ မြစ်ကြီးနား-အကျဲ-ဆင်ဘို-မြို့လှအပိုင်းကို ၂၀၀၉ ခုနှစ်အတွင်းက အစအဆုံး ဖြတ်သန်းသွားဖူးရာ ယခင်အခြေအနေထက်

လီဆူးတိုင်းရင်းသူ မအလေးမီ၏ လီဆူးရိုးရာ လက်ခုတ်လွယ်အိတ် ရက်လုပ်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

များစွာ တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရသည်။ ယခုအခါ မြစ်ကြီးနား - အကျဲ - ဆင်ဘို - မြို့လှအပိုင်း ကျောက်ချောလမ်းခင်းခြင်းကို ကချင်ပြည်နယ် စည်ပင်သာယာရေး ဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။ မြစ်ကြီးနားမှ အကျဲလမ်းဆုံအထိ ကတ္တရာလမ်း ၁၂မိုင်မှာ ယခင်ရှိပြီးသား လမ်းဟောင်းဖြစ်သည်။

မြစ်ကြီးနားမှ ဟိုကပ် မိုင် ၃၀ ၂ဖာလုံ၊ မြစ်ကြီးနားမှ မိုးကောင်းချောင်း ၃၉မိုင် ၅ဖာလုံ၊ မြစ်ကြီးနားမှ ဆင်ဘိုလမ်းဆုံ ၆၉မိုင် ၇ဖာလုံ၊ မြစ်ကြီးနားမှ ပိန်းခွန်ယန် မိုင် ၉၀ ၂ဖာလုံ၊ မြစ်ကြီးနားမှ မြို့လှ ၁၀၈မိုင် ၆ဖာလုံ၊ မြစ်ကြီးနားမှ နန့်လန်ချောင်း ၁၁၄မိုင် ၆ဖာလုံ၊ မြစ်ကြီးနားမှ ကသာ မိုင် ၁၈၀ ကွာဝေးသည်။

စည်းလုံးခြင်းသည်အင်အား ရုပ်တု

မြစ်ကြီးနားမြို့ လမ်းဆုံမှ စည်းလုံးခြင်းသည်အင်အား ရုပ်တုကို တွေ့ရစဉ်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အင်ဂျင်နီယာ ဦးမျိုးအေးလွင်က လမ်းလယ်ကျွန်းများ၌ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြုပြင်ထိန်းသိမ်း

မြစ်ကြီးနားမြို့၌ နေထိုင်ခဲ့စဉ်အတွင်း လက်လှမ်းမီသမျှ ခရီးဆန့်ဖြစ်ခဲ့ရာ ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာမှ ဒွန်ဘန် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မိုးကောင်း-တာပေါက် ကျေးလက်လမ်း အရှည်ပေ ၉၃၃၀၊ အကျယ် ၁၂ပေကို ပြောင်းဖူးစေ့လမ်းခင်းနေမှု၊ ဝိုင်းမော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝါရှောင်ကျေးရွာအနီးရှိ ဝါရှောင်ရေလွှဲဆည်မှ နွေစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် ရေဖြန့်ဝေပေးမှု အခြေအနေ၊ ဆဒုံးမြို့အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နမ္မတီးကျေးရွာအုပ်စု၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း၏ မြစ်ကြီးနားခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်သည့် မိုင်(၀/၀)မှ မိုင်(၅၃/၀) တီယန်ဇွပ်ကျေးရွာအထိ လမ်းပိုင်းပြုပြင်ထိန်းသိမ်းမှု အခြေအနေတို့ကို သွားရောက်လေ့လာဖြစ်ခဲ့သည်။

သွားရကျိုးနပ်

ကချင်ပြည်နယ်သို့ ရောက်တုန်းရောက်ခိုက် ရသမျှအချိန်အတွင်း အခြေအနေပေးသလောက် ခရီးဆန့်ဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်သည့် အဖြစ်မို့ စိတ်ကူးမျှော်မှန်းထားသလောက် ခရီးမတွင်ခဲ့သော်လည်း ရောက်ရှိလေ့လာဖြစ်သည့် နေရာတိုင်း၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို မျက်ဝါးထင်ထင် မြင်တွေ့ရသဖြင့် သွားရကျိုးနပ်သည်ဟု ဆိုနိုင်ပါသည်။

ကချင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိန်းဂဏန်း၊ စာရင်းဇယားများ အရသာမက ပကတိအရှိတရားကို ကိုယ်တိုင်ကိုယ်ကျရောက်ရှိပြီး မျက်ဝါးထင်ထင် မြင်တွေ့ရသဖြင့် တိုးတက်မှု အရပ်ရပ်ကို ပီပီပြင်ပြင် သုံးသပ်ရေးသားနိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။

မြစ်ကြီးနားမြို့၌ နေထိုင်စဉ်အတွင်း အစစအရာရာ အကူအညီပေးခဲ့ကြသူများနှင့် မြစ်ကြီးနားဘူတာ၌ ပို့ဆောင်နှုတ်ဆက်ကြသော လီဆူးတိုင်းရင်းသား ဦးဒေးဗစ်ဖစ်ရှ်၊ ပြည်နယ်သတင်းထောက် ဦးလှသန်းမြင့် (မောင်ပြုံးမြင့် - ဘီလူးမြို့)၊ ဒွန်ဘန် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းနှင့် သင်တန်းနည်းပြ ဒေါ်ဝေဝေအောင်တို့အား ကျေးဇူးတင်မိသည်နှင့်အမျှ အစဉ်အမြဲ အမှတ်ရနေတော့မည် ဖြစ်သည်။

အေးချမ်းတိတ်ဆိတ်

အမှတ်(၅၈) အစုန်အမြန်ရထားသည် မြစ်ကြီးနားဘူတာမှ ညနေ ၃နာရီခွဲတွင် စတင် ထွက်ခွာခဲ့လေသည်။ မြစ်ကြီးနားမြို့ ရထားလမ်းဘေးတစ်လျှောက်မှ မြင်ကွင်းများကို ငေးကြည့်ရင်း အေးချမ်းတိတ်ဆိတ်ပြီး သန့်ရှင်းသပ်ရပ်လှသည့် စိန်လုံရိပ်သာလေးကိုလည်းကောင်း၊ စီတာပူရပ်ကွက်မှ မနောပွဲကျင်းပရာ မနောကွင်းနှင့် ကချင်ရိုးရာ ခေါင်ရည်(စပ်ပီ)ဆိုင်ကလေးကိုလည်းကောင်း၊ သတင်းဆောင်းပါးများကို အချိန်မီ ကွန်ပျူတာစာစီပေးခဲ့သော ရောင်စဉ်ကွန်ပျူတာမှ မိုးမောက်မြို့သူ ညီမငယ် နန်းအိအိခင်ကို လည်းကောင်း၊ ဟင်းအမယ်စုံသလောက် ဟင်းချက်လက်ရာကောင်းလှသော လွယ်လင်ထမင်းဆိုင်ကလေးကိုလည်းကောင်း သတိရအောက်မေ့မိသောအခါ အလွမ်းမျက်ရည်တို့ ဝေ့ဝဲ၍ လာပါတော့သည်။ ။ **(သတင်းစဉ်)**

၁၀း၂၅	Barclays Premier League (Sunderland Vs Man City)	၁၂း၂၅	လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁)
၁၂း၁၅	ဆားတောင်မြေမှာ ပီတိဖြစ်ဖွယ်ရာ သီတဂူဗြဟ္မာယုဆေးရုံ အလှူမင်္ဂလာ	၁၂း၄၅	အလောင်းတော်ကဿပ လိုဏ်ဂူတော်

MRTV-4 အစီအစဉ်ကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၇း၅၅	Man U- Fulham	ESPN(Live)
၁၀း၂၅	Sunderland- Man City	ESPN(Live)

ကွန်ပျူတာနှင့် မျက်စိ

ဒေါက်တာကံညွန့်

အမှန်တော့ ကိုယ့်သားဖြစ်နေတဲ့ရောဂါကို ကိုယ်ကမသိတာပါ။ သူ့အမေကတော့ ခဏခဏပြောပါတယ်။ ရှင့်သားမျက်စိလည်း ရှင်ကြည့်ဦး။ ရှင့်သားက မျက်စိကို ခဏခဏပွတ်နေရတယ်။ မျက်စိတွေလည်း နီနေတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ပြောဖန်များတော့ ရိုးသွားပြီး ကျွန်တော်လည်း တကူးတက မကြည့်ဖြစ်တော့ဘူး။ တစ်အိမ်တည်းနေတယ် ဆိုပေမယ့် သူ့ကျောင်းသူသွား ကိုယ့်အလုပ်ကိုယ်လုပ်နေရတာကိုး။

ဒါပေမယ့် သားမျက်စိကို မကြည့်ရင်မဖြစ်တော့ဘူးဆိုတဲ့ အဖြစ်နှင့်ကြုံဖို့ အကြောင်းဖန်လာပါတယ်။ ဒါကတော့ သားနဲ့ နှစ်ယောက်ခရီးအတူတူသွားမယ့်ကိစ္စပေါ်လာလို့ပါပဲ။ သားဟာ ကျွန်တော်နဲ့အတူ ခရီးသွားဖို့ လေယာဉ်ကွင်းကို ထွက်လာခဲ့ပါတယ်။ လေယာဉ်ဟာ သတ်မှတ်ထားတဲ့အချိန်ထက် အနည်းငယ်နောက်ကျပြီး ထွက်မှာမို့ ကျွန်တော်တို့ဟာ တခြားခရီးသည်တွေနဲ့အတူ လေယာဉ်ကွင်းဧည့်ခန်းမှာ တစ်နာရီကျော်လောက် ထိုင်စောင့်နေခဲ့ရပါတယ်။ ဒီတော့မှ ကျွန်တော်ဟာ သားရဲ့အခြေအနေကို ပြက်ပြက်ထင်ထင် မြင်ရပါတော့တယ်။

သားဟာ ကွန်ပျူတာ၊ ကွန်ပျူတာဂိမ်း အဆော့လွန်သူပါ။ သူ့တယ်လီဖုန်းဟန်းဆက်ဟာ ကျပ်ရှစ်သိန်းကျော်လောက် တန်ဖိုးကြီးပြီး အမျိုးမျိုးအသုံးပြု လို့ရပါတယ်။ သူပူဆာလို့ ဝယ်ပေးရပေမယ့် ဘာတွေဘယ်လိုဆော့နိုင်တယ်၊ အသုံးပြုနိုင်တယ်ဆိုတာတော့ ကျွန်တော်မသိပါဘူး။ သူတို့လူငယ်တွေသာ သိတာပါ။ ကျွန်တော်ဟာ စာအုပ်တစ်အုပ်ဖတ်နေရာက သူ့ကို လှမ်းကြည့်လိုက်ပါတယ်။ သူ့မျက်နှာဟာ တယ်လီဖုန်းဟန်းဆက်ပေါ်က ကွန်ပျူတာ Screen ကို စိုက်ကြည့်နေတာ မြင်လိုက်ရပါတယ်။ သူ့မျက်လုံးတွေဟာ နည်းနည်းပြူးထွက်သလိုဖြစ်နေပြီး မလှုပ်မယှက် စိုက်ကြည့်နေပုံဟာ ကျွန်တော့်အသိစိတ်ကို အကြီးအကျယ် နှိုးဆွလိုက်ပါတော့တယ်။ ကျွန်တော်ဟာ သူ့မျက်နှာက မခွာဘဲ သူ့ကိုပဲ စိုက်ကြည့်နေတော့မှ သူဟာ ၁၅မိနစ် မိနစ် ၂၀အထိ မျက်တောင်မခတ်ဘဲ ကွန်ပျူတာ Screen ကိုသာ ကြည့်နေတာကို တွေ့ရပါတော့တယ်။ ဒီလိုအာရုံပြုစိုက်ကြည့်နေနိုင်ဖို့ သူ့ရဲ့အတွင်းအာရုံတွေမှာ ဘယ်လိုအားပြုထားရမယ်ဆိုတာ မျက်စိဆရာဝန်တစ်ဦးအနေနဲ့ ကျွန်တော် နားလည်ပါတော့တယ်။

သားရယ် ဘယ်လိုလုပ်မင်းနေနိုင်ပါ့မလဲ။ နေ့စဉ်ရက်ဆက် ဒီလိုကြည့်ပြီးနေလာခဲ့တာ ဘယ်လောက်များ ကြာခဲ့ပြီလဲ။ မင်းအမေပြောသလို မင်းမျက်စိ ခဏခဏပွတ်ပြီး မင်းမျက်စိတွေ နီနေတာကို အရေးမထားသလို အဖေနေခဲ့မိတာ အခုတော့ Computer Vision Syndrome ဆိုပြီး ကွန်ပျူတာတွေ နာရီနှင့်အမျှ ဆက်တိုက်ကြည့်နေကြ၊ ဂိမ်းတွေဆက်တိုက်ဆော့နေကြလို့ မျက်စိနှင့်ပတ်သက်ပြီး ခံစားရတဲ့ ကွန်ပျူတာကြောင့် ဖြစ်ရတဲ့ မျက်စိရောဂါစုလေးက မင်းမှာ ဖြစ်နေတော့မှာပါလား။

ကျွန်တော်ဟာ ကျွန်တော့်သားကို သေချာစမ်းသပ်စစ်ဆေးဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ မျက်စိကို အာရုံစူးစိုက်ဖို့ အားပြုရတဲ့အခါ မျက်စိမှာ အပြင်ကြွက်သား၊ အတွင်းကြွက်သားဆိုပြီး ရှိပါတယ်။ အပြင်ကြွက်သားခြောက်ခုက မျက်စိလှုပ်ရှားမှုကို ထိန်းထားပြီး မျက်စိကစားတိုင်း ညီညီညာညာ လှုပ်ရှားပေးနေရတာ ဖြစ်ပါတယ်။ အဲဒီကြွက်သားတစ်ခု အားနည်းခြင်း၊ ချို့ယွင်းခြင်း ရှိနေပါက မျက်စိလိုရာကို တည့်မတ်စွာ မကြည့်နိုင်တော့ဘဲ မျက်စိစွေစောင်းခြင်း ဖြစ်လာရပါတော့တယ်။

နောက်အတွင်းကြွက်သားတစ်ခုကတော့ Ciliary Muscle လို့ခေါ်တဲ့ မျက်စိအတွင်းမှန်ဘီလူးရဲ့အခုံးကို လိုရင်လိုသလို ပြုပြင်နိုင်စွမ်းရှိတဲ့ ကြွက်သားပါပဲ။ အနီးကြည့်ရာက အဝေးကို လှမ်းကြည့်ခြင်း၊ အဝေးကြည့်ရာက အနီးကို ပြန်ကြည့်ခြင်းဆိုတဲ့ (Accomodation) လို့ခေါ်တဲ့ မှန်ဘီလူးအခုံးကို ပြောင်းလဲရတဲ့အလုပ်ကို လုပ်ပေးတဲ့ Muscle ပါ။ ကွန်ပျူတာ Screen က စာလုံးသေးသေးတွေကို ပြတ်သားစွာမြင်ရအောင် အားပြုရတဲ့ ကြွက်သားပါ။ မျက်မှန်ပါဝါတပ်ဆင်ဖို့ လိုအပ်သူတွေဆိုရင် ဒီကြွက်သားအားပြုရတာ ပိုဆိုးပြီး မျက်စိကိုက်တာတို့၊ ဇက်ကြောတက်တာတို့ ဖြစ်လာတတ်ပါတယ်။ ဒီလိုမျက်မှန်တပ်ဖို့လိုတဲ့ လူတစ်ဦးက ကွန်ပျူတာ Screen ကို စာလုံးတွေ စိုက်ကြည့်မယ်ဆိုရင် ဒီဇက်ကြောတက်တာ၊ မျက်စိညောင်းတာ၊ မျက်စိကိုက်တာတွေဟာ မျက်မှန်တပ်ဖို့ မလိုသူတစ်ဦးထက် ပိုဆိုးစွာခံစားရတတ်ပါတယ်။

နောက်တစ်ခုကတော့ မျက်တောင်ခတ်ခြင်းပါပဲ။ ကွန်ပျူတာကြည့်နေတဲ့ ကလေးတိုင်းဟာ အာရုံစိုက်ပြီးကြည့်နေချိန်မှာ မျက်တောင်မခတ်ဘဲ ကြာနေတတ်ပါတယ်။ မျက်တောင်ခတ်တယ်ဆိုတာလည်း အရေးမကြီးလှဘူးထင်ပေမယ့် ကြာကြာမခတ်ဘဲနေရင် အရေးကြီးလာပါတော့တယ်။ လူတစ်ဦးဟာ သာမန်အားဖြင့် တစ်မိနစ်မှာ ၁၆ကြိမ်ကနေ အကြိမ် ၂၀အထိ ခတ်ပေးရပါတယ်။ အခုတော့ ကွန်ပျူတာကြည့်နေတဲ့ ကလေးဟာ တစ်မိနစ်မှာ ခြောက်ကြိမ်လောက်တောင် မခတ်ကြတော့ မျက်စိရဲ့မျက်နှာပြင်ရဲ့ လိုအပ်တာတွေ ကြည်လင်အောင် မလုပ်ပေးနိုင်တော့ပါဘူး။ မျက်စိရဲ့ မျက်နှာပြင်အထူးသဖြင့် မျက်ကြည်လွှာဟာ(Pre-Corneal Film)လို့ခေါ်တဲ့ မျက်ရည်လွှာလေးနဲ့ အမြဲစိုစွတ်နေရပါတယ်။ အဲဒီမျက်ရည်လွှာလေး ပုံမှန်ရှိနေဖို့ လူတစ်ဦးဟာ မျက်တောင်ခတ်ပေးရပါတယ်။ နောက်မျက်စိမျက်နှာပြင်ပေါ်က မြူမှုန်လောက်သေးတဲ့ အမှိုက်သရိုက်ကလေးတွေကိုလည်း ဖယ်ရှားပေးဖို့ မျက်တောင်ခတ်ပေးရတာပါ။ ဒီထက်အရေးကြီးတာကတော့ မျက်တောင်တစ်ချက်ခတ်လိုက်တိုင်း မျက်စိအာရုံဟာ တစ်ချက်နားလိုက်ရပြီး မျက်အမြင်အာရုံလွှာ System တစ်ခုလုံးကို ခေတ္တအနားပေးလိုက်ရသလို ဖြစ်လို့ပါပဲ။ ကွန်ပျူတာ Screen နဲ့ နိစ္စဓူဝအလုပ်လုပ်နေရသူတွေ သတိထားဖို့ လိုပါတယ်။ အများအားဖြင့် လေ့လာကြည့်တဲ့အခါ ကွန်ပျူတာနဲ့ ဆက်တိုက် အလုပ်လုပ်နေသူတွေမှာ မျက်တောင်ခတ်နှုန်းဟာ တစ်မိနစ်မှာ ခြောက်ကြိမ်မှ ရှစ်ကြိမ်ခန့်သာရှိတဲ့အတွက် မျက်စိစိုစွတ်မှုအားနည်းပြီး မျက်စိကျိန်းစပ်ခြင်း၊ မျက်စိညောင်းညာခြင်း ဖြစ်ရတာပါ။

အားလုံးခြုံပြီးပြောရရင်တော့ CVS ခေါ်တဲ့ Computer Vision Syndrome ဆိုတာ ကွန်ပျူတာကြည့်သူတွေမှာ မျက်စိရဲ့ အပြင်ကြွက်သား၊ အတွင်းကြွက်သား အာရုံစိုက်ရမှုများပြီး မျက်တောင်ခတ်နည်းတာကြောင့် ပေါ်လာရတဲ့ မျက်စိဝေဒနာလက္ခဏာစုလို့ အမည်တပ်ချင်ပါတယ်။ Asthenopia လို့လည်း ခေါ်နိုင်ပါတယ်။

ဒါကြောင့် ကွန်ပျူတာသုံးရတဲ့ လူကြီးလူငယ်တိုင်းကို အောက်ပါအတိုင်း ဆောင်ရွက်ကြဖို့ အကြံပြုလိုပါတယ်-

(၁) ကွန်ပျူတာကြည့်သူတိုင်း မျက်စိညောင်းညာခြင်း၊ မျက်ရိုးကိုက်ခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်စိနီခြင်းရှိပါက မျက်မှန်တပ်ဆင်ဖို့ လိုမလို မျက်စိစမ်းသပ်ပါ။

(၂) မျက်မှန်တပ်ဆင်ရန်လိုသူများ မျက်မှန်တပ်၍သာ ကွန်ပျူတာကို အသုံးပြုကြပါ(အသက် ၄၀ ကျော်သူတိုင်း စာကြည့်မျက်မှန်အသုံးပြုပါ။ အသက် ၃၈-၄၀ အောက် လူငယ်များ အဝေးမျက်မှန်တပ်ဆင်အသုံးပြုရန်၊ အဝေးမျက်မှန် ပါဝါမရှိပါက တပ်ဆင်ရန်မလိုပါ။)

(၃) ကွန်ပျူတာအသုံးပြုတိုင်း ကွန်ပျူတာကို ဆက်တိုက်အသုံးမပြုဘဲ နာရီဝက်ကြည့်ပြီးတိုင်း မျက်စိကိုနှစ်မိနစ်ခန့်ခေတ္တပိတ်၍ နားပါ။ ကလေးများကိုလည်း ကွန်ပျူတာဂိမ်းကစားပြီးတိုင်း ပြေးလွှားဆော့ကစားစေပါ။

(၄) အသက်အရွယ်ကြီး၍ ကွန်ပျူတာသုံးရသူတိုင်း မျက်စိပူစပ်ပူလောင်ဖြစ်ပါက မျက်ရည်ခန်းခြောက်ခြင်းမှ ကာကွယ်နိုင်ရန် မျက်ရည်တုမျက်စဉ်းကို အသုံးပြုပါ။

(၅) ကလေးလူကြီး မည်သူမဆို ကွန်ပျူတာကြည့်၍ မျက်စိပူစပ်ပူလောင်ဖြစ်ခြင်း၊ ခိုးလို့ခုလုဖြစ်ခြင်း၊ မျက်စိနီခြင်းတို့ဖြစ်ပါက မျက်စိကို ပွတ်တိုက်ခြင်းမပြုဘဲ မျက်ရည်တုမျက်စဉ်းကို လေးကြိမ်မှ ခြောက်ကြိမ်အထိ ခတ်ကြည့်ပါ။ မသက်သာပါက နီးစပ်ရာ မျက်စိဆရာဝန်များနှင့် ပြသပါ။

အထက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါမှ ကွန်ပျူတာသုံး၍ မျက်စိဝေဒနာခံစားရမှုမှသက်သာရာရနိုင်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

နိုင်ငံခြားရေးဝန်ကြီး ဦးညာဏ်ဝင်းအား ဗီယက်နမ် နိုင်ငံခြားရေး ဒုတိယဝန်ကြီးတွေ့ဆုံ

နေပြည်တော် မတ် ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဒေါင်ရှမ်ဟွန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ဗီယက်နမ်သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် ပစိဖိတ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၆၅)ကြိမ်မြောက် ဗဟိုကောင်စီအစည်းအဝေး

၂၀၁၀ ခုနှစ်၊ မတ်လ ၁၉-၂၀ရက်

အစည်းအဝေးခန်းမ
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၃

__ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကမ္ဘလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

__မတ် ၁၄ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်__ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

__မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်__ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တီတီစီ ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကျင်းပမည်

ရန်ကုန် မတ် ၁၃

ပညာရေးတက္ကသိုလ် လက်တွေ့လေ့ကျင့်ရေးကျောင်း (T.T.C) ၏ ကျောင်းသားကျောင်းသူဟောင်းများ ဂေါက်သီးရိုက်ကစားရင်း မိတ်ဆုံစားပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

အသေးစိတ်ဆက်သွယ်စုံစမ်းလိုပါက ဦးမြင့်သိန်းတင် ဖုန်း-၃၈၃၇၂၁၊ ၀၉-၅၀-၀၉၆၄၂၊ ဒုတိယဗိုလ်မှူးကြီးသန်းညွန့်(ငြိမ်း) ဖုန်း-၀၉-၅၁-၃၅၂၅၅၊ ဒုတိယဗိုလ်မှူးကြီးသန်းမင်း(ငြိမ်း)ဖုန်း-၆၃၆၅၅၃၊ ၀၉-၅၅-၀၅၃၇၃၊ ဦးကြည်လွင် ဖုန်း-၀၉-၅၅-၀၀၅၃၇၊ ဒေါ်ဝင်းဝင်းညွန့် ဖုန်း-၅၅၀၄၉၆၊၀၉-၅၁-၁၃၆၇၁၊ ဒေါ်မာလာမြင့် ဖုန်း-၅၂၄၄၇၃၊ ၀၉-၅၁-၁၃၆၉၊ ဦးကျော်မိုးနိုင် ဖုန်း-၂၄၅၆၅၈၊ ၀၉-၅၀-၄၂၄၂၁၊ ဦးမျိုးသိမ်း ဖုန်း-၂၁၀၈၃၆၊ ၀၉-၅၀-၀၂၂၅၄၊ ဒေါက်တာမိုးတင် ဖုန်း-၀၉-၉၉-၂၇၁၇၁နှင့် ဦးသက်ဦးတင် ဖုန်း-၀၉-၅၀-၅၀၇၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စံဝ မိမှေး၊ ကျွန်ုပ်တို့၏မြန်မာစာ ရင်ကွဲကောင်နှင့် ဂမ္ဘီရမျက်ဝန်းစာအုပ်များ ပုဂံစာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၃

ပုဂံစာအုပ်တိုက်က ဆင်ဖြူကျွန်းအောင်သိန်း၏ စံဝ မိမှေး၊ မောင်ခင်မင် (ဓနုဖြူ)၏ နှစ်တစ်ထောင်ခရီးကို ဖြတ်



သန်းခဲ့သော ကျွန်ုပ်တို့၏ မြန်မာစာနှင့် မောင်ဝဏ္ဏ၏ ရင်ကွဲကောင်နှင့် ဂမ္ဘီရမျက်ဝန်းစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဆင်ဖြူကျွန်းအောင်သိန်း၏ စံဝ မိမှေးစာအုပ်တွင် နွေမှာငိုသော ရွာတစ်ရွာ၊ ငှက်ပျောပင်စိုက်သောလယ်၊ ငယ်ချစ်ဟောင်းနှင့် ဥပေါသထသီလ၊ ထန်းပင်မြစ်နံ့တသင်းသင်းစသည့် ဝတ္ထုတို ၁၃ပုဒ် ပါရှိသည်။



မောင်ခင်မင်(ဓနုဖြူ)က "၁၁ရာစုတွင် အခြေတည်ခဲ့သော မြန်မာစာသည် ယခု ၂၁ရာစုတွင် နှစ်တစ်ထောင်ခရီးကို ဖြတ်သန်းခဲ့ရပြီးဖြစ်သည်။ လောကဓံအလှည့်အပြောင်းများ တွေ့ကြုံခဲ့ရသော မြန်မာစာ၏နှစ်တစ်ထောင်ခရီးကို ခြေရာခံ တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်းပါးပုဒ်ရေ ၄၂ပုဒ်ဖြင့် ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သော မြန်မာစာ၏ဖြစ်စဉ်ကို အကျဉ်းမျှ ပုံဖော်ပေးထားကြောင်း"ဖြင့် ၎င်း၏ စာအုပ်အကြောင်းကို ဖွင့်ဆိုထားသည်။

မောင်ဝဏ္ဏ၏ ဝတ္ထုတို ငါးပုဒ်ကို စုစည်းဖော်ပြထားသည့် "ရင်ကွဲကောင်နှင့် ဂမ္ဘီရမျက်ဝန်း (အချစ်ဝတ္ထုတိုများ)" စာအုပ်ကလည်း မောင်ဝဏ္ဏ၏ လက်ရာ

အတိုင်း ပရိသတ်နှစ်ခြိုက်သဘောကျမည့် စာအုပ်ဖြစ်သည်။

ဖြန့်ချိ

ပုဂံစာအုပ်တိုက်မှ သူ၏မူအတိုင်း လက်ရာသန့်စာအုပ်များကို စာဖတ်သူများအတွက် ထုတ်ဝေဖြန့်ချိ ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ဖလားတွေ ပွေ့ပိုက်လိုတဲ့ နည်းပြကြီးဖာဂူဆန်

မောင်မောင်မြင့်ဆွေ သုံးသပ်ရေးသား၍ လှိုင်လှိုင်သင်း (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် မတ် ၁၃

၂၀၀၉-၂၀၁၀ ပရီမီယာလိဂ်ဘောလုံးပွဲစဉ်များ ရှစ်ပွဲမျှသာ ကျန်တော့သည်။ ထိပ်တန်းအသင်းကြီးများ ဖလားဆွတ်ခူးနိုင်ရေး အကြိတ်အနယ် ဆင်နွှဲလျက်ရှိရာ ယခုအချိန်အထိ ပြတ်သားသောရလဒ်ကို မခန့်မှန်းနိုင်ဘဲ ဖြစ်လျက်ရှိနေသည်။ ယခုနှစ် ဘောလုံးရာသီ၌ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ရေးနှင့် ပြိုင်ဘက်အသင်းများ အနေအထားနှင့် ပတ်သက်ပြီး မန်ယူနည်းပြ ဖာဂူဆန်အား သတင်းထောက်များက အောက်ပါအတိုင်းမေးမြန်းခဲ့ရာ····



မေး ။ ။ ဒီနှစ်မှာ ပရီမီယာလိဂ်ဖလား ကာကွယ်နိုင်ဖို့ အခက်အခဲရှိတယ်လို့ ဝေဖန်မှုတွေအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ ။ ။ ဒီလိုဝေဖန်မှုတွေ၊ အမြင်တွေ ရှိနေတာ သဘာဝကျပါတယ်။ မန်ယူဟာ အရင်နှစ်တွေကထက် ဒီနှစ်မှာ အတော်လေး ရုန်းကန်နေရပါတယ်။ ဒဏ်ရာရ ကစားသမားတွေဟာ အရင်နှစ်ကထက် ပိုများပါတယ်။ ဒဏ်ရာရ ကစားသမားတွေ အားလုံးဟာ မန်ယူရဲ့ အဓိက ကစားသမားတွေချည်းဖြစ်နေတယ်။ ဒါပေမယ့် အဲဒီအချိန်တွေ လွန်မြောက်ခဲ့ပါပြီ။ မန်ယူဟာ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်ဖို့ အသင့်ဖြစ်နေပါပြီ။

မေး ။ ။ မန်ယူဟာ ကစားသမားကောင်းတစ်ဦး၊ နှစ်ဦးအပေါ် မှီခိုရပ်တည်နေရတယ်ဆိုတာ ဟုတ်ပါသလား။

ဖြေ။ ။ မန်ယူဟာ ကစားသမားကောင်းတွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းဖြစ်ပါတယ်။ ကစားသမားတိုင်းမှာလည်း ထူးခြားတဲ့ ပင်ကိုစွမ်းရည်ရှိကြတဲ့သူတွေပါပဲ။ ကစားသမားတစ်ဦးတည်းအပေါ် အနိုင်၊ အရှုံးမူတည်မှု မရှိပါဘူး။ အားလုံးစုစည်းမှု၊ အားထုတ်မှုအပေါ်မှာ ပြောင်းလဲသွားစေတာပါ။

မေး ။ ။ မန်ယူ ကစားသမားတွေရဲ့ အခြေအနေက ဘယ်လိုရှိနေပါသလဲ။

ဖြေ။ ။ မန်ယူကစားသမားတွေထဲမှာ ဒဏ်ရာရနေတဲ့ ဗီဒစ်၊ ဖာဒီနန်နဲ့ ဟားဂရေ့ဗ်တို့ ပုံမှန်အခြေအနေ ပြန်ရနေပါပြီ။ လာမယ့်ပွဲစဉ်တွေမှာ ပြန်ကစားနိုင်တော့မှာပါ။ ဒူးဒဏ်ရာရထားတဲ့ ရွန်နေလည်း ကြံ့ခိုင်မှုပြန်ရနေပါပြီ။ ပွဲချိန်ပြည့်ကစားနိုင်တဲ့ အနေအထား ရောက်နေပါပြီ။ ဒါကိုတော့ ကျွန်တော် ချိန်ဆနေပါတယ်။ မန်ယူရဲ့ ဒဏ်ရာရကစားသမားတွေ အားလုံးနီးပါး ပြိုင်ပွဲပြန်ဝင်ဖို့ အသင့်ရှိနေကြပါပြီ။

မေး ။ ။ မန်ယူရဲ့ဒီနှစ်ရည်မှန်းချက်တွေ ပြည့်ဝမယ်လို့ ယုံကြည်ပါသလား။

ဖြေ ။ ။ မန်ယူရဲ့ဒီနှစ်ရည်မှန်းချက်က ပရီမီယာလိဂ်ဖလားကိုကာကွယ်နိုင်ဖို့နဲ့ ချန်ပီယံလိဂ်ဖလားရယူဖို့ပါပဲ။ အဲဒီ ရည်မှန်းချက်တွေ ပြည့်ဝဖို့အတွက် ယုံယုံကြည်ကြည် လျှောက်လှမ်းနေပါတယ်။ ကျွန်တော်တို့ဟာ ပရီမီယာလိဂ်ဖလားကို လေးကြိမ်ဆက်တိုက် ကာကွယ်နိုင်တဲ့အသင်းအဖြစ် မှတ်တမ်းတင်နိုင်အောင်ကြိုးစားနေပါတယ်။

မေး ။ ။ ပြိုင်ဘက်အသင်းတွေမှာ ဘယ်အသင်းကို အလေးထားရမလဲ။

ဖြေ ။ ။ ကျွန်တော့် အမြင်ကတော့ ကိုယ့်အသင်းအပေါ် ကိုယ်အလေးထားရမှာပါပဲ။ ကိုယ့်အသင်းရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပြီးအားသာချက်၊ ကောင်းမွန်တဲ့အချက်တွေကို ပိုပြီး ကောင်းအောင် တိုးတက်အောင် လုပ်ဆောင်ရမှာပါ။ ပရီမီယာလိဂ် ပြိုင်ပွဲဝင်တိုင်းဟာ ဖလားလိုချင်ကြတဲ့ အသင်းတွေချည်းပါပဲ။

မေး ။ ။ ဆရာ့ရဲ့ ဒီနှစ်အပြင်းပြဆုံးဆန္ဒက ဘာဖြစ်မလဲ။

ဖြေ ။ ။ ပွင့်ပွင့်လင်းလင်းပြောရရင် ပရီမီယာလိဂ်ဖလားပေါ့ဗျာ။ ဒီနှစ်ကျွန်တော်တို့ဖလားရရင် ပရီမီယာလိဂ်ဖလားကို (၁၉)ကြိမ်မြောက်ဆွတ်ခူးရရှိခြင်းပါပဲ။ ပရီမီယာလိဂ်သမိုင်းမှာ ဖလားအများဆုံး ဆွတ်ခူးနိုင်တဲ့စံချိန်တင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်အပါအဝင် ကစားသမားတွေက ချန်ပီယံလိဂ်ဖလားကိုလည်း ရယူလိုတဲ့ ဆန္ဒပြင်းပြနေပါတယ်ဟု မန်ယူနည်းပြကြီး ဖာဂူဆန်က ဖွင့်ဟ ပြောကြားသွားပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

အားကစားသတင်း အတိုအထွာ

မောရစ်အား အလဲထိုးအနိုင်ယူမည်ဟု ဆိုင်ကက်စ်ပြောကြား

ဗြိတိန်နိုင်ငံ ဒရှူးစ်ဘူရီမြို့သား လက်ဝှေ့သမား အသက်၂၆နှစ်ရှိ ဂါရီဆိုင်ကက်စ်က ဟတ်ဒါစဖီးလ်မြို့၌ ကျင်းပမည့် လစ်လပ်နေသော ဗြိတိသျှစူပါဖယ်သာဝိတ် လက်ဝှေ့သရဖူလုပွဲတွင် ၎င်းနှင့်သက်တူရွယ်တူပြိုင်ဘက် အန်ဒီမောရစ်အား အပြတ်အသတ်အလဲထိုးအနိုင်ယူနိုင်မည်ဟု ယုံကြည်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

လက်ဝှေ့ကျော်အာသာ လင်းဆေးကို အနိုင်ယူနိုင်မည်ဟု ယုံကြည်

၂၀၀၈ခုနှစ်တွင် လက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ပြန်လာကတည်းက ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲစဉ်ခုနစ်ပွဲစလုံး ရှုံးပွဲမရှိ အနိုင်ရထားသူလက်ဝှေ့ကျော် ဂျာမီအာသာက မတ် ၁၉ရက်တွင်ထိုးသတ်မည့် ဗြိတိသျှဖယ်သာဝိတ်သရဖူလုပွဲတွင် ပြိုင်ဘက်မာတင်လင်းဆေး၏ အားနည်းချက်များမှ ရသည့်အခွင့်အရေးကို အမိအရယူကာ ဗြိတိသျှဖယ်သာဝိတ်တန်းသရဖူကို ရယူသွားနိုင်မည်ဟု ယုံကြည်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဖီးလ်မစ်ကယ်ဆန် ပြိုင်ပွဲဝင်နေကျ ဂေါက်တံသုံးစွဲမှု ပိတ်ပင်ခံရ

အမေရိကန် ဂေါက်သီးအကျော်အမော် ဖီးလ်မစ်ကယ်ဆန်သည် မတ် ၉ရက်က ၎င်းသုံးစွဲနေကျ ဂေါက်သီးရိုက်တံထုတ်လုပ်သည့် ပင်းကုမ္ပဏီနှင့်ပီဂျီအေတိုး ဂေါက်သီးပြိုင်ပွဲကျင်းပရေးအဖွဲ့တို့အကြား သဘောတူညီချက်ရရှိပြီးနောက် ယင်းကုမ္ပဏီက ထုတ်လုပ်သည့် ယူပုံသဏ္ဌာန်မြောင်းပါရှိပြီး လှည့်ပတ်ရိုက်အားကောင်းသည့် ၎င်းကိုင်နေကျ နှစ်၂၀သက်တမ်းရှိ အငြင်းပွားဖွယ် ပင်းအိုင်း-၂ ဂေါက်သီးရိုက်တံ အသုံးပြုမှုကို ပိတ်ပင်ခံခဲ့ရကြောင်း အင်တာနက်၌ ဖော်ပြသည်။

အမီရ်ခန်း ဒဗလျူဘီအေလိုက်ဝယ်လ်တာဝိတ်သရဖူ ကာကွယ်မည်

ဗြိတိသျှ လက်ဝှေ့အကျော်အမော် အမီရ်ခန်းသည် လာမည့် မေ၁၅ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ၎င်း၏ ဒဗလျူဘီအေလိုက်ဝယ်လ်တာဝိတ်သရဖူကာကွယ်ပွဲအဖြစ် ပေါ်လီမာလစ်နက်ဂီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဟု ဂိုးလ်ဒင်းဘွိုင်းပြိုင်ပွဲကျင်းပရေးအဖွဲ့က အတည်ပြုပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဟာရစ်ဆင်နှင့် ဆိုစနိုစကီ ထိုးသတ်မည့်ပွဲစဉ် ရွှေ့ဆိုင်း

အိုလံပစ် လက်ဝှေ့ချန်ပီယံဟောင်း အော့ဒ်လေဟာရစ်ဆင်သည် လာမည့် ဧပြီ၉ရက်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ အလက်ဇန္ဒြားပဲလေ့စ်အားကစား ပြိုင်ပွဲရုံတွင် စိန်ခေါ်ပွဲအဖြစ် ပိုလန်လက်ဝှေ့သမားအဲလ်ဘတ်ဆိုစနိုစကီနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရကြောင်း၊ အကြောင်းမှာ ဆိုစနိုစကီသည် လာမည့် မေ၂၉ရက်တွင် ဒဗလျူဘီစီ ဟဲဗီးဝိတ်သရဖူကို ကာကွယ်မည့် ဗီတာလီကလစ်ချ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်ပွဲစဉ် ရှိနေသောကြောင့်ဖြစ်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

မာရေး၏ ကွင်းကလပ်ချန်ပီယံ နာဒယ်ရယူရန် စီစဉ်

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်သည် လာမည့် ဇွန်လတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပမည့် ဝင်ဘယ်ဒန်အကြို တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု အတည်ပြုပြောကြားခဲ့ခြင်းဖြင့် အန်ရီမာရေး၏ ကွင်းကလပ်ချန်ပီယံကို ရယူရန် စီစဉ်နိုင်ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ကမ္ဘာ့အင်ဒိုးပြေးခုန်ပစ်၌ ရွှေတံဆိပ်ရယူရန် အင်းနစ် ရည်မှန်း

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပလျက်ရှိသော ကမ္ဘာ့အင်ဒိုး ချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အားကစားခုနစ်မျိုးပါဝင်ယှဉ်ပြိုင်ရသည့် ပင်တာသလွန်ပြိုင်ပွဲ၌ အကောင်းဆုံးယှဉ်ပြိုင်ကာ ရွှေတံဆိပ်ရယူရန် ရည်မှန်းထားသည်ဟု ပြေးခုန်ပစ်အကျော်အမော် ဂျက်စီကာအင်းနစ်က ဖွင့်ဟပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ဒိုနိုဗန်အား အဲဗာတန် အငှားစာချုပ်သက်တမ်းတိုးနိုင်ဖွယ်

အဲဗာတန်အသင်းသည် အမေရိကန်နိုင်ငံမေဂျာလိဂ်ကစားသမား အငှားစာချုပ်ဖြင့် အသင်းတွင် ခေါ်ယူထားသော လန်ဒန်ဒိုနိုဗန်အား စာချုပ်ထပ်မံချုပ်ဆိုနိုင်ဖွယ်ရှိကြောင်း အင်တာနက်၌ ဖော်ပြသည်။

ပရီမီယာလိဂ်သရဖူ ရယူနိုင်မည်ဟု ယုံကြည်

အာဆင်နယ်အသင်းအနေဖြင့် ယခုဘောလုံးရာသီတွင် ပရီမီယာလိဂ်သရဖူ ရယူနိုင်မည်ကို ယုံကြည်သည်ဟု အာဆင်နယ်ခံစစ်မှူးကလစ်ချီက ပြောကြားခဲ့ကြောင်း အင်တာနက်၌ ဖော်ပြသည်။

ရာမွန်အဗီးအား ခေါ်ယူရေး မန်ယူနှင့် မန်စီးတီးအပြိုင်ကြိုးပမ်း

အာဂျင်တီးနားနိုင်ငံ ဖြူးရှားပရိုအကယ်ဒမီ ဘောလုံးသင်တန်းကျောင်းမှ အာဂျင်တီးနား ဆယ်ကျော်သက် ကွင်းလယ်ကစားသမား ရာမွန်အဗီးအား စာချုပ်ခေါ်ယူနိုင်ရေး မန်ယူအသင်းနှင့် မန်စီးတီးအသင်း အပြိုင်ကြိုးပမ်းနေကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။ ။

ချစ်စိုးနိုင်-စုစည်းသည်

ဂျီကိုးလ် ချယ်လ်ဆီး၌ဆက်ရှိနေမည်

လန်ဒန် မတ် ၁၃

ကွင်းလယ်ကစားသမား ဂျီကိုးလ်သည် လာမည့် ဘောလုံးရာသီတွင် စတန်းဖို့ဒ်ဘရစ်ဂ်၌ ဆက်လက်ကစားလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီက အခိုင်အမာပြောကြားသည်။

ကစားပေး

ဂျီကိုးလ်သည် ဒူးခေါင်းဒဏ်ရာ ပြင်းထန်စွာရခဲ့ပြီးနောက် ပုံမှန်ပွဲမထွက်နိုင်ဖြစ်ခဲ့ရသည်။ ၎င်းသည် ချယ်လ်ဆီးနှင့် ချုပ်ဆိုထားသောစာချုပ်မှာ နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ အသက် ၂၈နှစ်ရှိ ဂျီကိုးလ်အား မန်ယူက အဆက်အသွယ် ပြုလုပ်ထားသည်။ သို့သော် လာမည့်ဘောလုံးရာသီကုန်အထိ ချယ်လ်ဆီးအတွက် ကစားပေးလိမ့်မည်ဟု အန်ဆယ်လော့တီက ဆိုထားသည်။ (အင်တာနက်)

ကမ္ဘာ့နံပါတ်တစ်တိုက်ဂါးဝုဒ် ဂေါက်သီးပြန်ကစားမည်

ကယ်လီဖိုးနီးယား မတ် ၁၃

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားတိုက်ဂါးဝုဒ်သည် အိမ်ထောင်ရေးကိစ္စကြောင့် ဂေါက်သီးကစားခြင်းမှ အနားယူခဲ့ပြီးနောက် မကြာမီ ပြန်လည်ကစားတော့မည်ဖြစ်ကြောင်း ၎င်းက ကြေညာသည်။

ပြန်လည် ကစားဖွယ်

တိုက်ဂါးဝုဒ်သည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလက ၎င်း၏ လူမှုရေးပြဿနာကြောင့် ဂေါက်သီးကစားခြင်းမှ ယာယီအားဖြင့် အနားယူခဲ့သည်။ မတ်လအတွင်း တိုက်ဂါးဝုဒ်က ဂေါက်သီး ပြန်လည်ကစားမည်ဖြစ်သော်လည်း ရက်အတိအကျ မပြောနိုင်သေးကြောင်း ပြောကြားခဲ့သည်။ သို့သော် ယခု အခါ နည်းပြ ဟန့်ဟန်နီနှင့် ပြန်လည် လေ့ကျင့်နေပြီဖြစ်သည်။ တိုက်ဂါးဝုဒ်သည် မတ် ၂၅ရက်တွင် အော်လန်ဒို၌ ကျင်းပမည့် အာနိုးပါမာဂေါက်သီးပြိုင်ပွဲမှစ၍ ပြန်လည်ကစားဖွယ်ရှိသည်။

(အင်တာနက်)

ရိုင်ယန်ဂစ် လီဗာပူးနှင့်ပွဲ၌ ပြန်ကစားနိုင်ဖွယ်ရှိ

လန်ဒန် မတ် ၁၃

မန်ယူ၏အဓိကကစားသမား ရိုင်ယန်ဂစ်သည် လက်ကျိုးခဲ့သဖြင့် တစ်လကြာ အနားယူခဲ့ပြီးနောက် မတ် ၂၀ရက် လီဗာပူးနှင့် ကစားမည့်ပွဲတွင် ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**

ဒေါ့ဆင်အား စမစ်ထိုးသတ်ပြီး ချန်ပီယံဆုရယူ

လီဗာပူး မတ် ၁၃

ဗြိတိသျှလက်ဝှေ့ချန်ပီယံ ပေါလ်စမစ်သည် လီဗာပူးမြို့၌ တစ်နိုင်ငံတည်းသား တိုနီဒေ့ါဆင်အားထိုးသတ်ပြီး ဗြိတိသျှစူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံဆုကို ကာကွယ်လိုက်သည်။

ချန်ပီယံဆု

စမစ်သည် စောစောပိုင်းအချီများတွင် ဒေ့ါဆင်၏ ပြင်းထန်သောလက်သီးချက်များထိမှန်ပြီး တစ်ကိုယ်လုံးနီးပါး သွေးသံရဲရဲဖြင့်ထိုးသတ်ခဲ့ရသည်။ နောက်ပိုင်းအချီများတွင် ပေါလ်စမစ်၏တရစပ်ထိုးသတ်မှုကြောင့် အမှတ်ဖြင့် ဒေ့ါဆင်ရှုံးနိမ့်ခဲ့ရသည်။ နောက်ဆုံးဒိုင်လူကြီးသုံးဦးစလုံးက စမစ်ကိုအနိုင်ပေးခဲ့သည်။ စမစ်သည် ယင်းချန်ပီယံဆုကို ပထမဆုံးကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ဘက်ဒေ့ါဆင်မှာမူ ၂၀၀၃ ခုနှစ်ကဆွတ်ခူးခဲ့သော ယင်းချန်ပီယံဆုကို ပြန်လည်ရယူရန်ကြိုးစားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အာဖရိကအကောင်းဆုံး ဘောလုံးသမားဆု ဒရော့ဘာဆွတ်ခူး

လန်ဒန် မတ် ၁၃

အိုင်ဗရီကို့စ်နှင့်ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာအား အာဖရိက အကောင်းဆုံး ဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ပြီဖြစ်သည်။

တိုက်စစ်မှူးဒရော့ဘာသည် အိုင်ဗရီကို့စ်အသင်းကို ၂၀၁၀ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ရန် ငါးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ထို့အပြင် ချယ်လ်ဆီးအသင်းကိုလည်း အက်ဖ်အေဖလားဗိုလ်လုပွဲရောက်အောင် ကစားပေးနိုင်ခဲ့သည်။

၎င်းသည် ၂၀၀၆ ခုနှစ်ကလည်း အာဖရိက အကောင်းဆုံးဘောလုံးသမားဆုဆွတ်ခူးနိုင်ခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင်ချယ်လ်ဆီးအတွက် ၂၅ ဂိုးသွင်းယူပေးထားသည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

*ရွှေဖုံးမှ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနတို့သို့ ရောက်ရှိပြီး အကြားအာရုံချို့တဲ့သော ကျောင်းသား ကျောင်းသူများ အပါအဝင် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနကိုလည်းကောင်း၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီးစာစစ်ဌာနကို လည်းကောင်း သွားရောက်ပြီး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

● ရွှေဖုံးမှ

မြန်မာ့အလင်း သတင်းခရီးသည်တို့သည် အဆိုပါ နိုင်ငံတကာအဆင့်မီ ဘောလုံးအားကစားကွင်းများ တည်ဆောက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

ဦးစွာသွားရောက်လေ့လာခဲ့သော အားကစားကွင်းမှာ နေပြည်တော် ဇေယျာသီရိမြို့ရှိ အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်ဖြစ်သည်။

ဇေယျာသီရိအားကစားကွင်း

အဆိုပါအားကစားကွင်းကို ဇေယျာသီရိ ဘောလုံးအားကစားကွင်းဟုပင်ခေါ်ဆိုကြောင်း သိရသည်။ ယင်းအားကစားကွင်းသည် နေပြည်တော် ဇေယျာသီရိမြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) အနီး၌ တည်ရှိသည်။ ၄င်းအားကစားကွင်းကြီးသည် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီးနှင့် လည်းနီးသည်။ ယင်းဇေယျာသီရိဘောလုံး

ဇေယျာသီရိဘောလုံးအားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

အားကစားကွင်းကို မက်(စ်)မြန်မာ ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒီဇေယျာသီရိ ဘောလုံးအားကစားကွင်းကြီးကို နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒီအားကစားကွင်းကြီးကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှစပြီး တည်ဆောက်နေခြင်းဖြစ်ပါတယ်။ တည်ဆောက်ချိန်ကာလ တစ်နှစ်ခွဲနဲ့ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီအားကစားကွင်းကြီးမှာ ပရိသတ် ၃၀၀၀၀အထိ ဝင်ဆံ့မှာဖြစ်ပါတယ်"ဟု မက်(စ်)မြန်မာကုမ္ပဏီမှ ဇေယျာသီရိဘောလုံးအားကစားကွင်း တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာ ဦးဌေးအောင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဒီအားကစား ကွင်းကြီးကို အောက်ခြေပိုင်းမှ ပွဲကြည့်စင်များအထိ မြန်မာအင်ဂျင်နီယာများနဲ့ တည်ဆောက်ပြီး အပေါ်အမိုးပိုင်းကိုတော့ ပေကျင်း အိုလံပစ် ပင်မဘောလုံး အားကစားကွင်းကြီး တည်ဆောက်ခဲ့တဲ့ တရုတ်အင်ဂျင်နီယာများနဲ့ မြန်မာအင်ဂျင်နီယာများပူးပေါင်းပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်" ဟု ဦးဌေးအောင်က ဆက်လက်ရှင်းပြသည်။

အဆိုပါ အားကစားကွင်းကြီးကို မြေဧရိယာဧက၉၀ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ယာဉ်ရပ်နားရန်နေရာ၊ လေ့ကျင့်ရန် Training ကွင်းနှစ်ကွင်းနှင့် အားကစားသမားများ တည်းခိုရန်နေရာများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအားကစားကွင်းသည် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်တို့ပါရှိမည်ဖြစ်သည်။ မြေညီထပ်တွင် ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ အရေးပေါ်ဆေးကုသရေးခန်း၊ အဝတ်လဲခန်း၊ အထူးဧည့်သည်များအခန်း၊ စားသောက်ဆိုင်၊ မီဒီယာခန်း၊ ရေချိုးခန်း၊ ရေပေးဝေရေးစနစ်ခန်း၊ အရေးပေါ် မီးငြိမ်းသတ်ရေးခန်း၊ အရောင်းဆိုင်များ၊ ပြခန်းများ၊ လေ့ကျင့်ရေးခန်းများ၊ စာကြည့်ခန်း၊ သန့်စင်ခန်းနှင့် ဓာတ်လှေကားနှစ်စင်းတို့ ပါဝင်မည်ဖြစ်သည်။

ပထမထပ်

ပထမထပ်တွင်ရုံးခန်းများ၊ အစည်းအဝေးခန်းများ၊ နည်းပြခန်းများ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများ ပါဝင်မည်ဖြစ်သည်။

ဒုတိယထပ်တွင် စီစီတီဗွီခန်း၊ ထိန်းချုပ်ခန်း၊ အထူးဧည့်သည်များအခန်း၊ ကော်ဖီဆိုင်၊ တီဗွီခန်း၊ ရေဒီယိုခန်းနှင့် အလင်း အသံထိန်းချုပ်ခန်းတို့ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဇေယျာသီရိ ဘောလုံးအားကစားကွင်းမှ တစ်ဆင့် ဇမ္ဗူသီရိမြို့ အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဆက်လက်သွားရောက် လေ့လာခဲ့ကြသည်။

ဇမ္ဗူသီရိအားကစားကွင်း

ဇမ္ဗူသီရိ ဘောလုံးအားကစားကွင်းကိုလည်း မက်(စ်)မြန်မာကုမ္ပဏီကပင် တည်ဆောက်နေခြင်း ဖြစ်သည်။ ယင်းအားကစားကွင်းသည်လည်း ဇေယျာသီရိ ဘောလုံးအားကစားကွင်းကဲ့သို့ ပုံသဏ္ဌာန်၊ အရွယ်အစားတူ၊ ပရိသတ်ဝင်ဆံ့မှုအားလုံး အတူတူပင်ဖြစ်သည်။

"ဒီဇမ္ဗူသီရိ ဘောလုံး အားကစားကွင်းကြီးဟာ ပရိသတ် ၃၀၀၀၀ ဝင်ဆံ့မှာ ဖြစ်တယ်။"

ဦးခင်မောင်ကြွယ်
စီမံကိန်းအင်ဂျင်နီယာ

"ကျွန်တော်တို့ ဇမ္ဗူသီရိဘောလုံးအားကစားကွင်းကြီးကတော့ မြေဧရိယာ အကျယ်အဝန်းဧက၆၀ပေါ်မှာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁၂ရက်မှာ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ စတင်တည်ဆောက်ချိန်မှ တစ်နှစ်ခွဲနှင့် အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ ဒီအားကစားကွင်းကြီးဟာလည်း ဇေယျာသီရိအားကစားကွင်းကဲ့သို့ ပရိသတ် ၃၀၀၀၀ ဝင်ဆံ့မှာဖြစ်ပါတယ်"ဟု မက်(စ်)မြန်မာကုမ္ပဏီမှ ဇမ္ဗူသီရိ ဘောလုံးအားကစားကွင်း တည်ဆောက်ရေးစီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်ကြွယ်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

အဆိုပါ ဇေယျာသီရိနှင့်ဇမ္ဗူသီရိ ဘောလုံးအားကစားကွင်းကြီး နှစ်ကွင်းစလုံးကို ပုံစံတူ၊ အရွယ်အစားတူဖြင့် တစ်ချိန်တည်းပြီးစီးရန် တည်ဆောက်နေခြင်းဖြစ်သည်။ ကွင်းနှစ်ကွင်းစလုံး၏ ပရိသတ်ဝင်ဆံ့မှုမှာ အတူတူပင်ဖြစ်သည်။ ဘောလုံး အားကစားကွင်း အဆောက်အအုံ တစ်လုံးချင်းစီ၏ အကျယ်အဝန်းမှာ ၂၉၄၂၇ စတုရန်း မီတာရှိသည်။ ဘောလုံးကွင်းများ၏ ဘေးပတ်လည်တွင် ပြေးခုန်ပစ်ကစားရန် ပြေးလမ်းကြောင်းများ ပါရှိမည်ဖြစ်သည်။ အားကစားကွင်းတစ်ခုချင်းစီတွင် အမိုးများလည်း ပါရှိမည်ဖြစ်သည်။ ဘောလုံးကွင်းတစ်ခုချင်းစီတွင် ယာဉ်ရပ်နားရန် နေရာများပါရှိမည်ဖြစ်သည်။ ယာဉ်ရပ်နားရန်နေရာ အကျယ်အဝန်းမှာ ဘောလုံးကွင်းတစ်ခုချင်းစီတွင် စတုရန်းမီတာ ၃၇၅၀၀စီ ရှိမည်ဖြစ်သည်။ ဘောလုံးကွင်းတစ်ခုချင်းစီ၏ အမြင့်မှာ ၂၃ ဒသမ ၅မီတာစီရှိသည်။ ဘောလုံးကွင်းတစ်ခုချင်းစီတွင် တိုင်လုံးပေါင်း ၅၁၂လုံးစီနှင့် အုတ်ဖိနပ်ပေါင်း ၄၀၈ခုစီ ပါရှိမည်ဖြစ်သည်။ ဘောလုံးကွင်းများ၏ အမိုးကို ၂ဒသမ၅ မီလီမီတာရှိ အလူမီနီယံပြားများဖြင့် မိုးထားမည်ဖြစ်သည်။ အမိုးမျက်နှာကြက်ကို တစ်မီလီမီတာရှိ အလူမီနီယံပြားများ အသုံးပြုမည် ဖြစ်ကြောင်းသိရသည်။ အမိုးများ၏ ထုပ်၊ လျောက်၊ ဒိုင်းများကို ပိုက်များ အသုံးပြုသည့် Pipe truss စနစ်ဖြင့် သုံးမည်ဖြစ်သည်။ ဘောလုံးကွင်း အဆောက်အအုံများ၏ ဘေးပတ်လည်ကို ရှစ်မီလီမီတာရှိသော မှန်များဖြင့် ကာရံ အသုံးပြုမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဘောလုံးကွင်းပုံစံများကို တရုတ်ပညာရှင်များနှင့် မြန်မာအင်ဂျင်နီယာများက ပူးပေါင်းထုတ်လုပ်ခဲ့ပြီး မြေစမ်းသပ်စစ်ဆေးမှုကိုတော့ C.E.C.C (Civil Engineers' Construction Cooperative Limited) က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်၌ ဇေယျာသီရိနှင့် ဇမ္ဗူသီရိ ခေတ်မီနိုင်ငံတကာ အဆင့်မီ ဘောလုံးအားကစားကွင်းသစ်ကြီးများ ပေါ်ထွန်းလာတော့မည်ဖြစ်၍ အနာဂတ်ကာလတွင် နိုင်ငံတကာ အားကစားပွဲများ လက်ခံကျင်းပကာ မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ဒီဇေယျာသီရိ ဘောလုံးအားကစားကွင်းကြီးကို တစ်နှစ်ခွဲနဲ့ အပြီး တည်ဆောက်သွားမှာ ဖြစ်ပါတယ်။"

ဦးဌေးအောင်
စီမံကိန်းအင်ဂျင်နီယာ

နေပြည်တော် ဇမ္ဗူသီရိ ဘောလုံးအားကစားကွင်း တည်ဆောက်နေမှုကို ဤသို့ တွေ့ရ သည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း ဖောင်ပိတ်ပရီးမီးယားလိဂ်သတင်း

ချယ်လ်ဆီးတို့ ဇယားထိပ်ပြန်ရောက် စပါးတို့ စတုတ္ထနေရာ၌ ရပ်တည်ဆဲ

လန်ဒန် မတ် ၁၃

ပရီးမီးယားလိဂ်ပွဲစဉ် (၂၉) ဘောလုံးပြိုင်ပွဲများကို မတ် ၁၃ရက် ညပိုင်းက ယှဉ်ပြိုင် ကစားခဲ့ကြရာ စပါးက အိမ်ကွင်း၌ ဘလက်ဘန်းအား သုံးဂိုး-တစ်ဂိုး အနိုင်ကစားပြီး ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။

ပထမပိုင်းပြီးခါနီးတွင် ဒီဖိုးက စပါးအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် စပါးတို့ တိုက်စစ်အရှိန်မြှင့်တင်ကစားခဲ့ရာ ပက်ဗလူချင်ကိုက စပါးအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၈၀တွင် ဆမ်ဘားက ဘလက်ဘန်းအတွက် ခေါင်းတိုက်ဂိုးဖြင့် နှစ်သိမ့်ဂိုးသွင်းယူခဲ့သည်။

စပါးတို့ ယင်းအနိုင်ပွဲကြောင့် ရမှတ် ၅၂မှတ်ဖြင့် အမှတ်ပေးဇယား နံပါတ်(၄)နေရာကို ခိုင်ခိုင်မာမာရပ်တည်နိုင်လာသည်။ ထို့အပြင် ပဉ္စမနေရာမှ မန်စီးတီးထက်လည်း သုံးမှတ်အသာဖြင့် ဦးဆောင်လျက်ရှိသည်။

စပါးအတွက် အဖွင့်ဂိုးကို ဒီဖိုးက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီး

ပရီးမီးယားလိဂ်ပွဲစဉ် (၂၉)တွင် ချယ်လ်ဆီးတို့ ဝက်စ်ဟမ်းကို အနိုင်ကစားခဲ့၍ အမှတ်ပေးဇယားတွင် မန်ယူနှင့် အပေါ်အောက်နေရာချင်းလဲလိုက်ပြန်ပြီဖြစ်သည်။

အိမ်ရှင်ချယ်လ်ဆီးတို့ ပွဲစပြီး ၁၆မိနစ်အကြာ အဲလက်ဇ်က မာလူဒါ၏ ဖြတ်တင်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူလိုက်သည်။ ယင်းဂိုးသွင်းပြီး ၁၀မိနစ်အကြာ ပတ်ကာက ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ချယ်လ်ဆီးအသင်းသည် မဖြစ်မနေအနိုင်ကစားရေး ရည်မှန်းချက်ကို တိုက်စစ်မြှင့်၍ အကောင်အထည်ဖော်ခဲ့ရာ ပွဲချိန် ၅၆မိနစ်၌ အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုရ တိုက်စစ်မှူး ဒရော့ဘာက ချယ်လ်ဆီးအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ချယ်လ်ဆီးအတွက် တတိယဂိုးကိုတော့ ထိုနေ့ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် မာလူဒါက သွင်းယူသွားခဲ့သည်။ စတုတ္ထပွဲသိမ်းအနိုင်ဂိုးကို တိုက်စစ်မှူး ဒရော့ဘာက သွင်းယူသွားခြင်းဖြစ်သည်။ ချယ်လ်ဆီးတို့ ယင်းအနိုင်ပွဲကြောင့် ရမှတ် ၆၄မှတ်ဖြင့် ဇယားထိပ်တွင် ဦးဆောင်လာပြန်သည်။ ဒုတိယနေရာမှ ချန်ပီယံ မန်ယူထက် တစ်မှတ်သာ အသာရထားသည်။

တိုက်စစ်မှူးဒရော့ဘာ ချယ်လ်ဆီးအတွက် ဒုတိယဂိုး သွင်းယူပြီး ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲ

အခြားပွဲများအဖြစ် ဘော်လ်တန်က အိမ်ကွင်း၌ ဝီဂန်ကို လေးဂိုးပြတ်သွင်းယူပြီး အောင်ပွဲခံခဲ့သည်။ အဝေးကွင်း သွားရောက် ကစားခဲ့သော ဝူလ်ဗာဟမ်တမ်အသင်းသည် ဘန်လေအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားနိုင်၍ ထိုက်တန်သော ရမှတ်သုံးမှတ်စုဆောင်းနိုင်ခဲ့သည်။

သရေပွဲ

ဘာမင်ဂမ်နှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်နှစ်ဂိုးစီ ခြေစွမ်းပြကစားပေးပြီး အပြန်အလှန်သွင်းယူခဲ့ကြသဖြင့် ရမှတ်တစ်မှတ်စီ ခွဲဝေယူသွားကြသည်။

ဂိုးမရှိသရေ

စတုတ်စီးတီးက အိမ်ကွင်း၌ ဗီလာကိုမာမာတင်းတင်း တုံ့ပြန်ကစားခဲ့သဖြင့် ဗီလာတို့ ဂိုးပေါက်ပျောက်ကာ နိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ ပွဲပြီးသည်အထိ စတုတ်စီးတီးက ခြေရည်တူ လိုက်ကစားနေသဖြင့် ဂိုးမရှိ ပွဲသိမ်းခဲ့ရသည်။ ။ **(အင်တာနက်)**

အာကာကျော် စုစည်းသည်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ ကျောက်ဆည်၌ ကျင်းပ

ကျောက်ဆည် မတ် ၁၃

ကျောက်ဆည်ခရိုင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို မတ် ၈ ရက် မွန်းလွဲ ၁နာရီက ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ခန်းမ၌ကျင်းပရာ ခရိုင်ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွင် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် ကျောက်ဆည်ခရိုင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကိုယ်စား ရဲမှူးမောင်မောင်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဒေါ်ဖြူဖြူဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ တွဲဖက် မြို့နယ်တရားသူကြီး ဒေါ်ဌေးဌေးမော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေပုဒ်မများကိုလည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီစိန်က လုပ်ငန်းလိုင်စင်ဆိုင်ရာများကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းများ၊ မော်တော်ဆိုင်ကယ် မတော်တဆမှု လျော့နည်းရေးအတွက် လိုက်နာရမည့် လိုအပ်ချက်များနှင့် လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြမီးများကို ပရိုဂျက်တာဖြင့် လည်းကောင်း **(အပေါ်ပုံ)** အသီးသီးဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ရွှေကျင်မြို့နယ် ဘုရားကြီးကျေးရွာ ဆွေမဟာမြိုင်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကျင်းပ

ရွှေကျင် မတ် ၁၃

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ပဒဲကောကျေးရွာအုပ်စု ဘုရားကြီးကျေးရွာ ဆွေမဟာမြိုင်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးစိုးရည်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌဦးစောလိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

လှူဒါန်း

ဆက်လက်ပြီး စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုးရည်က စာကြည့်တိုက်ရေရှည်ခိုင်မာရေး၊ စာငှားစနစ် ကျင့်သုံးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက လှူဒါန်းသော စာအုပ် စာစောင် ၄၀၅အုပ်နှင့် အလှူငွေကျပ်တစ်သိန်းကို စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးစောလိုက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မောက်မယ်မြို့နယ်ပြည်သူ့ဆေးရုံ အုတ်တံတိုင်းတည်ဆောက်နိုင်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

မောက်မယ် မတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံ အုတ်တံတိုင်းတည်ဆောက်နိုင်ရေး အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ တပ်နယ်မှူး ဗိုလ်မှူးကြီးတင်ဆွေက အမှာစကားပြောကြားသည်။

အလှူငွေများပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ခေတ္တမြို့နယ်ဆရာဝန် ဒေါက်တာသစ္စာအေးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

နေ့စဉ်သုံးမှု မီးသတိပြု

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အတွင်းရှိ လုပ်ငန်းရှင်များအား ပြည်ပမှ တရားမဝင် တင်သွင်းရောင်းချနေသည့် အဖျော်ယမကာ၊ သောက်ရေသန့်များအား အခွန်အခများ ပေးဆောင်စေ၍ တရားဝင် ရောင်းချစေခြင်း လုပ်ငန်း စီမံချက် ရှင်းလင်းဆွေးနွေးပွဲကို မတ် ၃ရက်က မုံရွာမြို့နယ် အခွန်ဦးစီးဌာန မှူးရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်း အခွန်ဦးစီးဌာနမှူး ဦးညီညီထင်ပေါ်က အမှာစကား ပြောကြားစဉ်။

(ခရိုင် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်ညီရေး ဗန်းမော် မံမလင်းကျေးရွာအုပ်စု၌ ဆွေးနွေး

ဗန်းမော် မတ် ၁၃

ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များစံ(၅)ချက်ညီရေး ဆွေးနွေးပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့နယ် မံမလင်း ကျေးရွာအုပ်စု၊ ရေလဲကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရေးဦးစွာ ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက်အကြောင်း သိကောင်းစရာများနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိန်းက ကြက်ငှက်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ကာကွယ်ဆေးထိုးနှံ

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်နှင့်ဓာတ်ပုံပြပွဲများပြသခြင်း၊ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းအပြင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျွဲနွားများအား ကာကွယ်ဆေးထိုးနှံပေးသည်။ **(ခရိုင် ပြန်/ဆက်)**

မီးသုံးစွဲမှု စစ်ဆေးဆောင်ရွက်

မတ်၉ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ပုဏ္ဏားကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးမြဲအောင်၊ ရပ်ကွက် အရန်မီးသတ် တပ်ခွဲမှူး ဦးရွှေသိန်းနှင့် တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်များ၊ လူနေအိမ်များတွင် မီးသုံးစွဲမှု စနစ်တကျရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ကြစဉ်။ (၁၇၁)

ဒေါ့ဖုန်းယန် ပြန်/ဆက်ရုံး ငွေပဒေသာပင် ပေးအပ်လှူဒါန်း

ဒေါ့ဖုန်းယန် မတ် ၁၃

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂၈ရက် မွန်းတည့် ၁၂နာရီက ဒေါ့ဖုန်းယန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ရုံးစာကြည့်တိုက် စာအုပ်စာစောင်များ တိုးပွားရေးအတွက် ငွေပဒေသာပင် ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

ပေးအပ်လှူဒါန်း

အဆိုပါလှူဒါန်းပွဲသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်မမအောင် တက်ရောက်၍ အလှူငွေကျပ် သုံးသောင်းလှူဒါန်းသည်။ ဆက်လက်၍ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လင်းနှင့် အလှူရှင်ရှစ်ဦးတို့က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းထံ အလှူငွေများ အသီးသီး ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်လွန်ကတ္တရာခင်း

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော မိုင်းဖြတ် ဈေးတန်းရပ်ကွက်သစ် (၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချို ဖေဖော်ဝါရီ ၁၇ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်ဦးနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးစိုင်းစိုးစိုး တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာဖွံ့ဖြိုးပညာတိုး စာကြည့်တိုက် အဆောက်အအုံသစ်
ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ၌ ဖွင့်ပွဲကျင်းပ

ဘောလခဲ မတ် ၁

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘောလခဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ ကျေးရွာဖွံ့ဖြိုးပညာတိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရေးဦးစွာ အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်စောနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အောက်ပုံ**) စာကြည့်တိုက်အတွင်း၌ စာအုပ်စာစောင်နှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးခင်စောက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးဘသန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆောက်လုပ်ခဲ့

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့် ဌာနဆိုင်ရာများက ငွေကျပ်ငါးသောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ အဆောက်အအုံသစ်ကို နိုင်ငံတော်ပံ့ပိုးငွေကျပ် ၁၀သိန်းနှင့် စုစုပေါင်း ငွေကျပ် ၂၅သိန်း အကုန်အကျခံကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်ရေး
လှိုင်ကော်မြို့၌ ဟောပြောပွဲကျင်းပ

လှိုင်ကော် မတ် ၅

ကမ္ဘာ့လူတုပ်ကွေးရောဂါNew Influenza A(H1N1) ကာကွယ်ရေးဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီက ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဝင်း(**အပေါ်ပုံ**)က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A(H1N1) ရောဂါကာကွယ်ရေးအကြောင်းကို ပြည်နယ်ကူးစက်ဆရာဝန် ဒေါက်တာတင်ဝမ်းက ဟောပြောသည်။

ဆွေးနွေးဖြေကြား

ဆက်လက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကို ပြည်နယ်အာဟာရဌာန အဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာအေးသော်တာမွန်က ဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်
သတင်း
ထွေတလာ

ပုသိမ်မြို့ အမှတ်(၄) အထက (ယခင်ဝေဠုဝန်ကျောင်း) နာဂဝံသခန်းမဆောင်၌ ဖေဖော်ဝါရီ ၁၂ရက်က ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇေယျာဝတီတိုင်း၌ သိပ္ပံတွဲဖြင့် ပထမရရှိသော ပုသိမ်မြို့ အမှတ်(၆) အထကမှ မောင်ကောင်းခန့်ဇော်အား ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာညွန့်ဖေက ဆုချီးမြှင့်စဉ်။ (၁၅၇)

ပေါင်မြို့နယ်တွင် မီးဘေးကာကွယ်ရေး ဟောပြော

မုတ္တမ မတ် ၇

ပေါင်မြို့နယ် မုတ္တမရပ်ကွက်တွင် မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူ၊ မုတ္တမရပ်ကွက်ဥက္ကဋ္ဌ ဦးစံရီနှင့်အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်နှင့် တာဝန်ရှိသူများက မုတ္တမရပ်ကွက်အသီးသီးရှိ နေအိမ်များသို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကတ်၊ ရေ၊ သဲထားရှိရေး၊ မီးချိတ် မီးကတ်များခိုင်ခံ့မှုရှိရေး၊ ချက်ပြုတ်ရာတွင် သတ်မှတ်ထားသည့် အချိန်တွင်း၌သာ ချက်ပြုတ်ရန်၊ အသက်အရွယ်ကြီးသူများ၊ အရွယ်မရောက်သည့် ကလေးများ မချက်ပြုတ်စေရန်နှင့် အိမ်များတွင် လျှပ်စစ်မီးများ စနစ်တကျသုံးစွဲရန်၊ လောင်စာဆီများ စည်းကမ်းမဲ့ရောင်းချ သိုလှောင်ထားခြင်းမပြုရန် ပညာပေးဟောပြော စစ်ဆေးသည်။ (၀၁၃)

အခွန်အခပေးဆောင်ပြီး တရားဝင်ရောင်းချရေး
မော်လမြိုင်၌ ရှင်းလင်းဆွေးနွေး

မော်လမြိုင် မတ် ၈

ပြည်တွင်းအခွန်များ ဦးစီးဌာန မော်လမြိုင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသော ပြည်ပမှတရားမဝင်တင်သွင်းသည့် အဖျော်ယမကာများ၊ စီးကရက်နှင့် သောက်ရေသန့်များကို အခွန်အခပေးဆောင်စေပြီး တရားဝင်ရောင်းချရေးလုပ်ငန်းစီမံချက် ရှင်းလင်းဆွေးနွေးပွဲကို မတ် ၃ရက်က မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

ပြောကြား

ရှင်းလင်းဆွေးနွေးပွဲတွင် မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး(**အောက်ပုံ**) မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ဦးခင်ဇော်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးအေးကြူတို့က အမှတ်တံဆိပ် စီမံချက်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဖြေကြား

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၏ သိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

(ပြည်တွင်းအခွန်)

ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံ၌ အာစရိယပူဇော်

ပွင့်ဖြူ မတ် ၉

ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားကြသည့် ဆရာကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၇ရက် နံနက် ၉နာရီက အဆိုပါကျောင်း ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဌေးက ဂုဏ်ပြုဂါရဝစကားပြောကြားပြီးနောက် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ညိုညိုနှင့် ပွင့်ဖြူမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီဌေးတို့က နှုတ်ခွန်းဆက်စကားပြောကြားကာ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဖေကြည်က အာစရိယပူဇော်ပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်
စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြို ဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိ လည်းကောင်းအပြီး စိုက်ပျိုးပါ။
၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။
၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ ကီလို ထည့်သွင်းသုံးစွဲပါ။
၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။
၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော်တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။
၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ ၃၊ ၄ နေလှန်းပြီးမှ စိုက်ပျိုးပါ။
၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။
၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။
၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီ ရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နွေရာသီအားကစားသင်တန်း ဂန့်ဂေါ၌ဖွင့်

ဂန့်ဂေါ မတ် ၇

ဂန့်ဂေါမြို့နယ်၌ နွေရာသီအားကစားသင်တန်းများကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီကကြီးမှူး၍ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရေကူးနှင့် ဘောလုံးသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလ မတ် ၂၅ရက် အထိ ကြာမြင့်မည်ဖြစ်သည်။

ရွေးချယ်

အဆိုပါ အားကစားသင်တန်းများကို ထူးချွန်အားကစားသမားများ ပေါ်ထွန်းရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်၍ ဘောလုံးသင်တန်းတွင် ထူးချွန်သူများကို မန္တလေးမြို့တွင် ဖွင့်လှစ်မည့် ဘောလုံးအကယ်ဒမီသင်တန်းတက်ရောက်ရန် ရွေးချယ်သွားမည်ဟု သိရသည်။ (၀၇၁)

(၁၁၅)ကြိမ်မြောက် သွေးလှူ

ရန်ကုန် မတ် ၁၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၃) သုခမ္မမဏ်ဇောတရေ ဦးစိုးရှိန် **(ယာပုံ)** (မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှုထူးချွန် (တတိယ၊ ပထမဆင့်)ဆုရှင်သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် မတ် ၃ရက်က (၁၁၅)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)



လယ်ယာစပါးပြည့်အားထား တားဆီးကာကွယ်မီးရန်စွယ်

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ကမာရွတ်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်အတွင်းရှိ တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့်ရရှိထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင်အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဦးသန်းဋွေ ၁၂/ကမတ(နိုင်)၀၁၂၄၃၅ ဒေါ်သင်းသင်းဋွေ ၁၂/ကမတ(နိုင်)၀၁၂၉၀၂	ဒေါ်သင်းသင်းဋွေ ၁၂/ကမတ(နိုင်)၀၁၂၉၀၂	တိုက်(၃)၊ အခန်း(၄၇)၊ ပန်းလှိုင်အိမ်ရာ။
၂။	ဦးကျော်စိုး ၆/ကသန(နိုင်)၀၁၅၄၇၃	ဦးအောင်ကျော်မိုး ၁၂/ရကန(နိုင်)၀၅၀၂၈၄	တိုက်(၂)၊ အခန်း(၉)၊ ပန်းလှိုင်အိမ်ရာ၊
၃။	ရွှေအင်ပါယာကုမ္ပဏီမှ ဦးတင်မောင်ရင် ၁၂/မရက(နိုင်)၀၀၃၉၆၈မှ	ဒေါ်အေးအေးမူ ၁၂/ကတတ(နိုင်)၀၀၈၄၄၈ ဒေါ်သက်သက်ဆွေ ၁၂/ကတတ(နိုင်)၀၂၁၇၂၄	တိုက်(ဒီ)၊ အခန်း(၂၀၂)၊ အနော်ရထာ အိမ်ရာ။
၄။	ဦးကျော်သက်ထွန်း ၁၂/ဥကမ(နိုင်)၀၃၂၉၄၄	ဦးလူဋွေ ၇/ပမန(နိုင်)၀၉၅၀၉၆	တိုက်(၆)၊အခန်း(၃၀)၊ ပြည်ရိပ်မွန်အိမ်ရာ။
၅။	ဦးလီကိန်းဝိန် HLG-၀၀၆၀၂	ဒေါ်ခိုင်မာဝင်း ၁၂/ဥကမ(နိုင်)၁၄၇၆၄၉	တိုက်(၆) အခန်း(၁၄)၊ လှိုင်မြင့်မိုရ်အိမ်ရာ။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

တနင်္သာရီတိုင်း၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ကုန်သည်လမ်း၊ အမှတ် ၆၉နေ ကျွန်မ ဒေါ်ချိုင်းဟွန် ၆/မအရ(နိုင်) ၀၂၈၃၆၆က အောက်ပါအတိုင်း ကန့်ကွက်နိုင်စေရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မြိတ်ခရိုင်၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်-၁၁(ခ) ထားဝယ်စု မြောက်ကွက်သစ်၊ ဦးပိုင်အမှတ်-၁၀၊ ဧရိယာ ၀.၁၁၃မ၂၀၂၈ကေရှိ မြေကွက်အား မြို့မြေမှုအမှတ်-၇၀/၁၉၇၇-၇၈ခုနှစ်အရ ၁၀-၉-၇၈ရက်မှ ၂၉-၉-၂၀၀၈ရက်အထိ ကျွန်မ၏ဖခင်ဖြစ်သူ ဦးကျင်ပုံးအမည်ဖြင့် ဂရန်မြေချထားပေးခြင်းခံရသည့် မြေကွက်ဖြစ်ပြီး ဖခင်ဦးကျင်ပုံးသည် ၂၂-၉-၁၉၈၁ရက်၊ မိခင်ဒေါ်ကြူသည် ၁၁-၉-၁၉၈၅ရက်တွင် အသီးသီးကွယ်လွန်သွားခဲ့ပြီးဖြစ်သဖြင့် ဦးကျင်ပုံး-ဒေါ်ကြူတို့တွင် အမွေစားအမွေခံအဖြစ်ကျန်ရှိသည့် ကျွန်မ ဒေါ်ချိုင်းဟွန်အမည်ဖြင့် အထက်ဖော်ပြပါမြေကွက်အား အမည်ပြောင်း သက်တမ်းတိုးဆောင်ရွက်နိုင်ရန်အတွက် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၁၇-၆-၂၀၀၈ရက်တွင် လျှောက်ထားခဲ့ရာ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ၂၃-၆-၂၀၀၈ရက်စွဲပါစာအမှတ်-၄/၁-၁၀/ဦး-၁အရ အများသိစေရန် ကြေညာစာများထုတ်ဆင့်ခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ကန့်ကွက်အရေးဆိုမည့်သူမရှိသဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်ဆက်နွယ်၍ဖြစ်စေ၊ ဦးကျင်ပုံး-ဒေါ်ကြူတို့၏ အမွေစားအမွေခံအဖြစ်ဖြင့် ပတ်သက်ဆက်နွယ်မှုရှိနေသည်ဖြစ်စေ၊ မည်သူမဆို သက်ဆိုင်ရာ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ဖြစ်စေ၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ဖြစ်စေ၊ ကျွန်မဒေါ်ချိုင်းဟွန်းထံသို့ဖြစ်စေ လာရောက်အရေးဆို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ချိုင်းဟွန်း
၆/မအရ(နိုင်)၀၂၈၃၆၆
အမှတ် ၆၉၊ ကုန်သည်လမ်း၊ ထားဝယ်စုရပ်၊
မြိတ်မြို့၊ တနင်္သာရီတိုင်း။

အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်သန်း ၁၂/ပဘတ(နိုင်)၀၂၀၆၅၀၏ အတိအလင်းလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မြေတိုင်းရပ်ကွက်အမှတ် ၁၆-ဒီ ၃၊ မြေကွက်အမှတ်(၁)၊ စတုတ္ထတန်းမြေအမျိုးအစား၊ အမှတ် ၁၇၇၊ ၂၉လမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရှစ်ထပ်တိုက်ရှိ အခန်းအားလုံးသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်သန်း တစ်ဦးတည်းပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲပိုင်ခွင့်သော်လည်းကောင်း၊ လွှဲပြောင်းခွင့်သော်လည်းကောင်း ပေးအပ်ထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်သန်း၏ အတိအလင်းစာဖြင့် သဘောတူညီချက်မရှိဘဲ မည်သူမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏တာဝန်သာဖြစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အတိအလင်းလွှဲအပ်ညွှန်ကြားချက်အရ-

ဦးယဉ်ထွန်း (LL.B., LL.M) — **အထက်တန်းရှေ့နေ**

ဒေါ်မျိုးကေသွယ် (LL.B., LL.M., D.M.L) — **အထက်တန်းရှေ့နေ**

၂/၂၉၊ ဇမ္ဗူရာဇ်ရွှေစင်လမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ၊ ဖုန်း-၀၁-၇၃၀၁၈၇၉၂၊ ၀၉-၆၈၀၉၈၆၈။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်၊ ယုဇနတာဝါ၊ အခန်းအမှတ်(၄၀၂-လေးလွှာ)၊ အမှတ် ၆၆နေ **လစ်ဘရာကုမ္ပဏီလီမိတက်မှ ရွှေကံကော်** အမည်ဖြင့် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ကုမ္ပဏီမှုပိုင်အဖြစ်သုံးစွဲရန် ဖြစ်ပါသည်။

"ရွှေကံကော်"

အထက်ပါ **ရွှေကံကော်** အမည်ဖြင့် လက်ဖက်၊ ချင်းနှင့် ပဲအကြော်စုံ၊ ကြက်သွန်ဖြူကြော်၊ ပုစွန်ခြောက်၊ တွင်းပိုးအမျိုးမျိုးဖြင့် ဖော်ပြပါတံဆိပ်ကို ရိုက်နှိပ်လျက် ဖြန့်ဖြူးရောင်းချထုတ်လုပ်ခြင်းလုပ်ငန်းများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

အထက်ပါအမည်ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံနှင့် အောက်ပါလိပ်စာသို့ ပေးပို့နိုင်ပါသည်။

မျိုးတူလုပ်ငန်းတူမရှိပါက အဆိုပါအမည်ကို မှတ်ပုံတင်ပြုလုပ်ပြီး ကုမ္ပဏီပိုင်အမည်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဆက်သွယ်ရန်လိပ်စာ-
အမှတ် ၆၆၊ ကမ္ဘာအေးဘုရားလမ်း၊
၄၀၂-လေးလွှာ၊ ယုဇနတာဝါ၊
ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၁-၇၀၄၀၈၁၊
၀၁-၇၀၆၂၉၅။

ဒေါ်လှလှခိုင် (LL.B)
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- ၀၉-၅၀၄၉၃၇၆၊
၀၉-၅၁၄၉၇၆၃။

အမည်ဖြည့်စွက် ခေါ်ပါရန်

အဖ ဦးလှဝင်း၏သား မောင်သက်ပိုင်ဖြိုး ၇/လပတ(နိုင်)၁၃၄၄၂၀အား မောင်သက်ပိုင်ဖြိုး (ခ) မောင်ထက်နိုင်အောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၅၄၃၈ ကန်ဘို 100 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးရင်ကွာဟွာ ၁၃/လရန(နိုင်)၀၅၃၇၇၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး)၊ လားရှိုး။

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မဆ/၁၇၅၄၆ ဟွန်ဒါ C100 မော်တော်ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းနေလင်းဦး ၁၃/လရန(နိုင်)၀၀၂၈၅၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ မူဆယ်။

နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးကျော်၏ နိုင်ငံကူးလက်မှတ်အမှတ် ၃၆၄၈၃၁သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၈၁၃၅၀။**



ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ဓ/၅၆၁၅ ယာဉ်အမျိုးအစား Toyota Hilux ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းလတ် ၁၃/တကန(နိုင်)၀၀၂၃၂၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ခရိုင်ရုံး)၊ တောင်ကြီး။

စာအုပ်စာပေလူ့မိတ်ဆွေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်(မန္တလေး)၌ ၂၀၀၉ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၂၂၄

ဦးမောင်မောင်လေး **နှင့်** ဦးအောင်ဖြိုးကျော်-ပါ(၄)

လျှောက်ထားသူ — **လျှောက်ထားခံရသူများ**

လျှောက်ထားသူက မိမိအားမန္တလေးမြို့ တရားရုံးချုပ်(မန္တလေး)၏ ၂၀၀၉ခုနှစ် တရားမ ပြင်ဆင်မှုအမှတ်-၆၉တွင်ချမှတ်လိုက်သော ၂၀၀၉ခုနှစ် စက်တင်ဘာ ၂ရက်စွဲပါ စီရင်ချက်နှင့် ထုံးပုံကျအမိန့်အပေါ်၌ အထူးအယူခံဝင်ခွင့်ကို တရားစီရင်ရေးဥပဒေပုဒ်မ ၇အရ ပေးပါမည့်အကြောင်း အထက်အမည်ပါဖော်ပြထားသူ၏ တရားရုံးချုပ်ရှေ့နေ ဦးတိုးကတင်သွင်း၍ တရားရုံးချုပ်(မန္တလေး)တွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ကြောင်းနှင့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်၊ ၂၅×၂၆လမ်းကြား၊ ၈၉လမ်း(ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) လျှောက်ထားခံရသူအမှတ်(၂) ဦးကျော်ကျော်ဝင်း (၃)ဒေါ်အေးအေးခိုင် (၄)ဒေါ်စန်းမြင့်တို့ သိစေရမည်။

အဆိုပါလျှောက်လွှာနှင့်စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စား သင်တို့၏ တရားရုံးချုပ်ရှေ့နေကဖြစ်စေ၊ သို့မဟုတ် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ တရားရုံးချုပ်(မန္တလေး) တရားမတရားစီရင်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံ ကန့်ကွက်ချက်များတင်သွင်းလိုက တင်သွင်းရန် ၂၀၁၀ခုနှစ် မတ် ၂၆ရက် နံနက် ၁၀နာရီအချိန်တွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၁၀ခုနှစ် မတ် ၅ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-
မြမြ
လက်ထောက်ညွှန်ကြားရေးမှူး
တရားမဌာနခွဲ(၃)၊ ဌာနစု(၄)
တရားရုံးချုပ်(မန္တလေး)။

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းတရားရုံး၌

၂၀၀၉ ခုနှစ် တရားမကြီးအမှုအမှတ်-၈၄၆

ဦးကျော်မြင့်ထွန်း **နှင့်** ၁။ ဦးခင်စိုး
၂။ ဦးတင်ဇော်ဦး

တရားလို — **တရားပြိုင်များ**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၅၁နေ ဦးတင်ဇော်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကတိုက်ခန်းပိုင်ဆိုင်လက်ရှိထားခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် လက်ရောက်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၀ခုနှစ် မတ်၁၉ရက်(၁၃၇၁ခုနှစ် တန်ခူးလဆန်း၅ရက်) မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၀ခုနှစ် မတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးစိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး။

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ ရှမ်းမှူးရွာ အခြေခံပညာမူလတန်းကျောင်း ၂၀၀၉-၂၀၁၀ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိဘဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ စတုတ္ထတန်း ပထမဆုရကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဇာနွယ်က အထူးဆုချီးမြှင့်စဉ်။ (ပညာရေး)

နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ဗန်းမော်မြို့နယ် မြစေတီကျေးရွာ၌ကျင်းပ

ဗန်းမော် မတ် ၅

ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ စံ(၅)ချက်နှင့်ညီရေး ဟောပြောပွဲများ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၀နာရီက မြစေတီကျေးရွာ အုပ်စု၌ ကျင်းပသည်။

အကျိုးကျေးဇူး

ရှေးဦးစွာ ဗန်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချိုက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး မွေး/ကုဦးစီးဌာန ဒေါက်တာစိုးသိန်းက ကြက်ငှက် တုပ်ကွေးရောဂါ အကြောင်းသိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

ကျေးလက်ရေရရှိရေး နောင်ချို၌ဆောင်ရွက်

နောင်ချို မတ် ၁၂

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း နောင်တောကျေးရွာတွင် နှစ်လက်မပိုက် သွယ်တန်းခြင်း၊ ဂါလန် ၁၅၀၀ဆံ့ အုတ်ရေကန်နှစ်လုံး တည်ဆောက်ခြင်း၊ ရေစုတမံတည်ဆောက်ခြင်း လုပ်ငန်းများကို အဖွဲ့ရန်ပုံငွေကျပ် ၃၄၄၆၂၅၀ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကွင်းဆင်းကြီးကြပ်ကြောင်းနှင့် လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခိုင်မင်းထွန်းက ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံဝင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မောက်မယ် မတ် ၅

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဖေဖော်ဝါရီ ၆ရက် နံနက် ၇နာရီက နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဆွေ၏ဦးဆောင်မှုဖြင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းဗိုလ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးအုန်းသွင်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်(၇)ရပ်ကွက်မှ ပြည်သူများ စုစုပေါင်းအင်အား ၅၃၀တို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ပလက်ဖောင်းများ ပြုပြင်မွမ်းမံ

ကွမ်းဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်နှင့် ဝန်ထမ်းများစုပေါင်း၍ ပြည်ထောင်စုလမ်းရှိ ပလက်ဖောင်းများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲ စတင် လက်ရှိချန်ပီယံ ရတနာပုံအသင်း ဇေယျာရွှေမြေကို ဂိုးပြတ်ရှုံးနိမ့်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-ဖိုးသော်ဇင် ▼ စာမျက်နှာဖွဲ့စည်းမှု - လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

မန္တလေး မတ် ၁၃

မြန်မာ့ဘောလုံး ပရိစနစ်သို့ ကူးပြောင်းပြီး တတိယမြောက် ကျင်းပတဲ့ ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းမှာ ကျင်းပခဲ့ပါတယ်။ စာမျက်နှာ ၇ ကော်လံ ၄ ❐

ရတနာပုံတိုက်စစ်မှူး ရန်ပိုင်နှင့် ဇေယျာရွှေမြေနောက်ခံလူ ဂျီလစ်တို့ ဤသို့ အကြိတ်အနယ်။ ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် မတ် ၁၃

မတ် ၁၃ရက် နံနက် ၅နာရီ ၅၀မိနစ် ၅၆စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၂၀ခန့်ကွာဝေးသော ကလေးမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ခန့်အကွာ တင်းဝါးချောင်းအနီးကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မီးဖို မီးကြွင်း မီးကျန် သတိပြုရန်

နှိုးဆော်ချက်

❑ သင့်ရဲ့အိမ်မှာ မီးဖို မီးကြွင်း မီးကျန်မှတစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် မီးဖိုများ သုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

❑ သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလတ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သို့ သွားခြင်းအား သတိထားပြီး အလေ့အကျင့် ပြုလုပ်ပါ။

❑ မီးဖို မီးကြွင်း မီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင် လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့ သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။